# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၃)ရက် ၊ တနင်္လာနေ့ ၊ (25-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၇)


### ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက်အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ပေးအပ်




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မခင်ငြိမ်းချမ်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁



ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၂၅ ရက်
အယ်ဒီတာ့အာဘော်

# ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု

၃၁ ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ စာကြည့်တိုက်စာအုပ်ဆုနှင့် ပညာရည်ချွန်ဆုများချီးမြှင့်ပွဲကို ဩဂုတ် ၂၂ ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံစုပေါင်းခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါ ဆုများချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၃ ဆုကို ချီးမြှင့်နိုင်ခဲ့သည်။ ဘာသာရပ်တိုင်းတွင် ဆုရရှိသည့် စာရေးဆရာကြီး၊ ဆရာမကြီးများ၏ စာမူလက်ရာများသည် နိုင်ငံနှင့် ပြည်သူအတွက် သုတရသနှစ်ဖြာဖြည့်ဆည်းပေးမည့် ဘဝလမ်းညွှန်စာမူကောင်းများဖြစ်ပေသည်။

ယခုနှစ်တွင် ပခုက္ကူစာပေတစ်သက်တာဆုကို ဆရာမကြီးဒေါက်တာခင်သန်းဦး(မမိုးမြေ)ရရှိခဲ့သည်။ ထိုနည်းအတူ ပခုက္ကူစာပေဆုဝတ္ထုရှည်၊ ပခုက္ကူစာပေဆုဝတ္ထုတိုပေါင်းချုပ်၊ ပခုက္ကူစာပေဆုကျမ်းစာပေ၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆုရရှိသူများနှင့် ပညာသင်ဆုရရှိသူများစွာထွက်ပေါ်ခဲ့ပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများထိုက်တန်စွာချီးမြှင့်ကြပုံကို တွေ့မြင်ရသည်မှာ ဂုဏ်ယူကြည်နူးဝမ်းမြောက်ဖွယ်ရာဖြစ်ပေသည်။

နိုင်ငံတော်အဆင့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများပြီးလျှင် ပခုက္ကူစာပေဆုသည် စာပေသမိုင်းအစဉ်အလာကောင်းများရှိခဲ့သော နိုင်ငံတော်အဆင့် ဂန္ထဝင်ပုဂ္ဂလိက စာပေဆုဖြစ်သည်။

ပခုက္ကူစာပေဆုအတွက် နှစ်စဉ်စာမူများတင်သွင်းယှဉ်ပြိုင်ကြရာတွင် စာပေဆုရွေးချယ်ရေးအခြေခံမူများ သတ်မှတ်ဖော်ပြပြီး ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ကြသည်။ ထိုအခြေခံမူများမှာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊ မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ထက်သန်စေမှုကိုရှေးရှုရန်၊ အတွေးအခေါ်နှင့် အသိဉာဏ်ပညာဗဟုသုတတိုးပွားကျယ်ပြန့်စေရေးအတွက် ကူညီရန်၊ အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေးအတွက် အထောက်အပံ့ဖြစ်သော စာပေများတိုးပွားစေရန် ဟူ၍ဖြစ်သည်။

"စာပေမြင့်မှ လူမျိုးတင့်မည်" ဆိုသည့်အတိုင်း စာပေသည် လူသားတိုင်းအတွက် အရေးပါပေသည်။ စာပေသည် လူမျိုး၏ အသက်ပင်ဖြစ်သည်။ စာပေကွယ်ပျောက်လျှင် လူမျိုးလည်းကွယ်ပျောက်တတ်ပေသည်။ စာပေသည် နိုင်ငံနှင့်လူမျိုးတို့၏ အဆင့်အတန်းကိုလည်း ဖော်ညွှန်းပြသနိုင်သော အညွှန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် စာပေသည် နိုင်ငံတော်အတွက် အရေးပါသော အခန်းကဏ္ဍတစ်ရပ်ပင်ဖြစ်ပေသည်။

စာပေမြင့်မားရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်။ ခေတ်စနစ်များပြောင်းလဲလာသော်လည်း မပျောက်ပျက်အောင်ထိန်းသိမ်းရမည့် ဓလေ့ထုံးစံများ၊ သမိုင်းအမွေအနှစ်များသည် ရှေးခေတ်စာဆိုတို့၏ သမိုင်းမှတ်တမ်းစာပေများတွင်သာ လေ့လာသိရှိနိုင်ပေသည်။ ထို့ကြောင့် အစဉ်အလာကောင်းရှိသည့် ပခုက္ကူဦးအုံးဖေတည်ထောင်ခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ရေရှည်တည်တံ့တိုးတက်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပေသည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၁၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၁၂၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၅၇၀၀ စိုက်ပျိုးရန်အတွက်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးမှုကို ယခုနှစ် မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၁၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၅၇၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၃၁၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းစတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝေါမြို့နယ် တောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ တောကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့်ဝန်ထမ်းများက တောကြီးကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာနှင့် မူဘောင်များ၊ အတိုးနှုန်းနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တောကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၉ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းတို့၏ အနီးကပ် ကြီးကြပ်ဆောင်ရွက်မှုတို့ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက တောကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၅၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၆၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၃၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

**ကိုညို**

# ဓနုဖြူမြို့နယ်မှထွက်ရှိသည့် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

**ဓနုဖြူ ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှထွက်ရှိသည့်စားတော်ပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဩဂုတ် ၁ ရက်မှစတင်ပြီး ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများတစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၅၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

''စားတော်ပဲက အရင်ထက်တော်တော်လေး အရောင်းအဝယ်ဖြစ်လာပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ စားတော်ပဲတွေက ဆောင်းကာလကျန်တဲ့ ပဲအဟောင်းတွေပါ။ စားတော်ပဲတွေ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ဆက်စပ်တဲ့ သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာတာ တွေ့ရပါတယ်။ လက်ရှိ ဒေသထွက်စားတော်ပဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူအား ကောင်းလာပါတယ်'' ဟု ဓနုဖြူမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် စားတော်ပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့် ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၂၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် စားတော်ပဲများ၊ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကဝမြို့နယ် အဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကဝ ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အဒူးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် မိသားစု ဝင်ငွေတိုး လုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်နှင့် ဝန်ထမ်းများက အဒူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ရွှေဇင်က လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ အဒူးကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၉ ဦးကို ငွေကျပ် ၄၆ ဒသမ ၇၅ သန်း ထုတ်ချေးထားကြောင်း ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ သုဓမ္မမဏိဇောတဓရ ဦးအောင်နိုင်ဆွေ-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်မြင့်မြင့်နွယ်(သား) ဒေါက်တာဟိန်းသူ၊ မောင်ငြိမ်းခန့်ကျော် သီရိရွှေစင်ရွှေဆိုင် မိသားစုက ကျောက်ကပ်သန့်စင်စက်တစ်လုံးအတွက် အလှူငွေကျပ် သိန်းငါးရာလှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းက လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၈၈၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၈၈၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၂၇၈၃ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၈၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ စပါးဧက ၃၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက် ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မင်းကင်းမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းရှင်းခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ဆုံကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရွှေသီးကျေးရွာအုပ်စု ဆုံကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး၊ စီမံကိန်းတာဝန်ခံနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဆုံကုန်းကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဆုံကုန်းကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ၆ ဒသမ ၉ သန်း စုစုပေါင်းငွေကျပ် ၂၁ ဒသမ ၉ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၆၆၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၉၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၂၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန် အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းပြီး သန့်ရှင်းဖို့လဲလိုအပ်ပါတယ်။ လက်ရှိကွမ်းသီးအစိမ်းအလုံးရေ ၁၀၀ ကို ငွေကျပ် ၂၀၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအစိမ်းတွေ အများအပြားတင်ပို့ရောင်းချအားကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ တင်ပို့ရောင်းချသည့် ကွမ်းသီးအစိမ်းများကို ကုန်သည်များမှ ကွမ်းသီးခြံများသို့သွားရောက်ဝယ်ယူ၍ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းသီးအစိမ်းများကို တင်ပို့ရောင်းချနေရခြင်းကြောင့် ကွမ်းသီးအစိမ်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အဆင်ပြေပြေ အောင်မြင်စေ

## ချစ်နိုင်(စိတ်ပညာ)

စာရေးသူ ဆယ်ကျော်သက်ရွယ် အထက်တန်းကျောင်းသားဘဝမှယနေ့ထက်တိုင် ကြည်ညိုလေးစား စံထားအားကျအတုယူရသည့် စာရေးဆရာကြီး တစ်ဦးရှိခဲ့ဖူးပါ၏။ အခြားသူတော့ မဟုတ်ပါ။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်(၁၉၃၀-၂၀၀၂) ဖြစ်ပါသည်။ ဆရာကြီး၏ စာအုပ်တိုင်းလိုလိုမှာ စာပေတာဝန်ဟူသော လေးလုံးစပ် ကဗျာလင်္ကာလေး တစ်ပုဒ် ဖော်ပြလေ့ရှိပါ၏။ "ငါ့မွန်အမြတ်၊ ငါ့အတတ်ဟု၊ စာဖတ်သူပေါ်၊ ခေါင်းကိုကျော်၍၊ ငါသော်ဆရာ မလုပ်ပါတည်း"ဟု စပ်ဆိုထားပါသည်။ ဆရာကြီးက ဝတ္ထုတို၊ ဝတ္ထုရှည် ရသစာပေများ ရေးသားသော စာရေးဆရာပါ။ စာရေးသူကမူ စကားပြေ၊ ဆောင်းပါး၊ သုတစာပေသာရေးတတ်သည့် စာရေးသူသာဖြစ်ပါ၏။ သို့ဖြစ်၍ ဗဟုသုတ သိမှတ်စရာအချက်များကို လေ့လာရှာဖွေစုဆောင်း၍ စာဖတ်သူ အချို့သိစေချင်သော အကြောင်းရပ်တို့ကိုပြုစုရေးသား တင်ဆက်ပါ၏။ ဆရာလုပ်ခြင်းတော့ မဟုတ်ပါ။ စာသင်နေသော ဆရာများ၊ အတွေ့အကြုံရှိပြီးသော အရာရှိကြီးများအတွက် မရည်ရွယ်ဘဲ စာသင်ကြားဆဲ ကျောင်းသားများ၊ အလုပ်ခွင်ဝယ် အတွေ့အကြုံမရင့်ကျက်သေးသော ဝန်ထမ်းကလေးများအတွက် သိမြင်စေလိုသော စေတနာဖြင့် ဖော်ပြ ပါသည်။ လူငယ်အများစုအတွက် ရည်ရွယ်ပါ၏။

ဆရာလုပ်ရန် မရည်ရွယ်ပါ။ ဆွေးနွေးဖော်ပြတင်ပြခြင်းဟုသာ မှတ်ယူကြစေလိုပါသည်။ အချို့ပုဂ္ဂိုလ်များအဖို့ သိပြီးသား၊ နားလည်ပြီးသား ဖြစ်နိုင်ပါသည်။

ယခုတင်ပြမည့် အကြောင်းအရာမှာ လူငယ်များ လုပ်ငန်းခွင်ဝင်ရောက်လာကြသည့်အခါ အဆင်ပြေချောမောစေရန် အချို့ဆရာများ၊ စီနီယာ နောင်တော်၊ အစ်မတော်တို့က သွန်သင်ညွှန်ပြခြင်း ပြုချင်ပြုမည်။ မပြောမဆို ခပ်အေးအေးသာနေသူမျိုးတွေနှင့် ကြုံကောင်း ကြုံနိုင်ပါ၏။ မည်သို့ပင်ရှိစေ စာရေးသူဖော်ပြသည့် အရေးကြီးသော သဘောတရား သုံးချက်ကိုတော့ နားလည်သိမြင်၊ အသုံးချစေချင်ပါသည်။

**၁။ ဆောင်ရွက်စဉ်**(Procedure)

**၂။ အခြေခံဥပဒေသ**(Principle)

**၃။ မူဝါဒ**(Policy)

ဤသုံးချက်ကို သေသေချာချာ ဂဃနဏ မှတ်သားသိမြင်၍ လိုက်နာကျင့်သုံးရပေမည်။

**ဆောင်ရွက်စဉ်**

ဆောင်ရွက်စဉ်ဆိုသည်မှာ လုပ်ဆောင်ရမည့် ဦးစားပေး ရှေ့နောက်အစဉ်ဖြစ်ပါသည်။ ထမင်းစားရာတွင်လည်း အစဉ်ရှိ၏။ ရေချိုးရာတွင်လည်း အစီအစဉ်ရှိရ၏။ အဝတ်ချွတ်တာ၊ အဝတ်ဝတ်ရာမှာလည်း ရှေ့နောက် အစဉ်ရှိ၏။ ဖိနပ်(ရှူး) အရင်စီးပြီးမှ ဘောင်းဘီဝတ်လျှင် မဟုတ်ပေ။ ဘောင်းဘီအရင်ဝတ်၊ ခြေအိတ်ဝတ်၊ ပြီးမှသာ ရှူးဖိနပ်စီးရမည့်အစီအစဉ်ကို ဆောင်ရွက်စဉ် သဘောမှတ်ယူပါ။ ဘာပဲလုပ်လုပ် အစီအစဉ်တကျကို သိမြင်အောင် ဦးစွာပထမဆုံး လေ့လာသင်ယူရမည်။ ဆောင်ရွက်စဉ်(Procedure) ကို သိထားလျှင် အရာရာချောမောပေပြီ။ အလုပ်ကို လွယ်ကူရှင်းလင်းစွာ လုပ်တတ်ရန် နမူနာစာတစ်ပုဒ် သို့မဟုတ် စာတစ်စောင်ရေးခြင်း ဆောင်ရွက်စဉ်ဆိုပါစို့-

စာရေးနည်းဆောင်ရွက်စဉ် (၉) ချက်

**(၁) လေ့လာကြံဆ**

**(၂) မှတ်သမ္မုပြန်စဉ်**

**(၃) မဆိုင်လျှင်ပယ်ပစ်**

**(၄) တစ်ထက်မပို**

**(၅) ဝါကျတို**

**(၆) ခေါင်းစဉ်ကို မကျော်ငြား**

**(၇) ဗန်းစကားမသုံး**

**(၈) နိဂုံးတွင် မသစ်**

**(၉) ပြီးလျှင် စစ်ပါ ကောင်းသောစာ။**

လေ့လာကြံဆခြင်းဆိုသည်မှာ ဖတ်ရှုလေ့လာ ဆည်းပူးပါ။ မှတ်သမ္မု ပြန်စဉ်ဆိုသည်မှာ ကူးမှတ်ထားသော မှတ်စုကတ်ပြားလေးများကို ဆီလျော်ရာ အပိုင်း၊ အခန်းအသီးသီးစဉ်၍ ရေးမှတ်ပါ။ မဆိုင်လျှင် ပယ်ပစ်ဆိုတာက စုဆောင်းထားသော်လည်း အကြောင်းအရာနှင့်မသက်ဆိုင်က (ပယ်)ဖယ်ချထားဦးဟု ဆိုလိုပါ၏။

တစ်ထက်မပိုဆိုသည်မှာ ရှင်းလင်းလွယ်ကူစေရန် ဝါကျတစ်ကြောင်းလျှင် ကြိယာနှစ်ခု သုံးခု မသုံးဘဲ ခွန်အားရှိသောစာ ဖြစ်စေရန် ဝါကျတစ်ခုချင်းစီ၌ ကြိယာတစ်ခုသာ သုံးသင့်ကြောင်း အကြံပြုချက်ပါ။

ဝါကျတိုဆိုသည်က အစီရင်ခံစာ၊ ညွှန်ကြားချက်၊ တင်ပြချက်၊ စာတမ်းဘာပဲဖြစ်စေ၊ ရှည်လျားရှုပ်ထွေး ဝေဝါးအောင်မရေးသင့်ပါ။ ဝါကျကို တိုတိုရှင်းရှင်း ရေးသင့်ကြောင်း အကြံပေးခြင်းပါ။

> ❖**အချိန်ကာလ၊ နေရာဒေသ၊ သမိုင်းကြောင်းနောက်ခံကား၊ ပထဝီစီးပွားရေး၊ ပထဝီနိုင်ငံရေး စသည့်ဘက်ပေါင်းစုံကို မြော်ခေါ်တွက်ဆ၍ မူဝါဒချမှတ်ရပါမည်။ အမြော်အမြင်ရှိရမည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ကောင်းမွန်တိုးတက်မှုသည် ပြည်သူပြည်သားများ၏ အသိအမြင် အယူအဆ အမြင်ကျယ်ခြင်း၊ မြော်မြင်နိုင်စွမ်းရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အချင်းချင်းစာနာနားလည်မှုရှိစွာ အစေးကပ်ခြင်း၊ အပြန်အလှန်လေးစားတန်ဖိုးထားတတ်ခြင်း စသောလူသားချင်းဆက်ဆံရေး ချောမောပြေပြစ်မှုစသည်တို့နှင့် ကိန်းပေါင်းစုံဆက်နွှယ်**(Multifactorial Condition) **အခြေအနေဖြစ်ပေသည်။** ❖

ခေါင်းစဉ်ကို မကျော်ငြားဆိုသည်က ရေးရင်းရေးရင်း စိတ်ကူးပေါ်လာရာ ရောက်သွားကာ ခေါင်းစဉ်အကြောင်းအရာနှင့်ဘောင်ကို ကျော်၍ချော်၍ ဘေးထွက်ခြင်းမျိုးမရှိစေရန် သတိပြုရပါမည်။

စာကို ဣန္ဒြေသိက္ခာရှိလိုလျှင် ဗန်းစကား၊ ပေါ့တိပေါ့ဆစကားလုံး အသုံးအနှုန်းမျိုးတွေ မသုံးသင့်ပေ။

နိဂုံးချုပ်လျှင် ဤစာတစ်ပုဒ်လုံး၏ ဆိုလိုရင်းကို ဘာတွေ ဘာတွေ ဖော်ပြခဲ့ပါသည်ဟု ဝလုံးကလေး ဝိုင်းဝိုင်းရေးသကဲ့သို့ နိဒါန်းနှင့် နိဂုံးက ချိတ်မိ(ထိ) ရပါမည်။ ဘေးချော်၍ သဝေထိုး အဆုံးမချရပါ။ မပိုရ၊ မလိုရ၊ နိဂုံးမှ အချက်အလက်အသစ် ထပ်မဖော်ပြရ။ ဖော်ပြချင်လျှင် နိဂုံးမချုပ်မီနေရာမှာ ထည့်ရေး၍ ရပါ၏။

စာတစ်စောင်လုံး အစ၊ အလယ်၊ အဆုံး၊ သုံးပိုင်းစလုံး ကောင်းစေရပါမည်။ ထိုသို့ စာကောင်းတစ်ပုဒ်၊ စာတစ်စောင်၊ ကျမ်းတစ်ဆူဖြစ်အောင် "ပြီးလျှင် စစ်ပါ" သို့မှသာ အပြစ်အနာအဆာမပါအောင် တည်းဖြတ်ပြင်ဆင်ပြီးသဖြင့် ကောင်းမွန်ပါသည်။

ဘယ်လိုစစ်ရမှာလဲ။ အသံထွက်ဖတ်ပြီး စစ်ရပါမည်။ သို့မှသာ ထစ်ခြင်း၊ ထောင့်ခြင်း၊ ထပ်ခြင်း ကင်း၏။ စာသည် စကားကိုအရည်အသွေးမြှင့်ထားခြင်းဖြစ်၍ နားနှင့်အသံကြားပြီး စစ်ခြင်းကအကောင်းဆုံးပါ။ အတွဲအချ၊ သတ်ပုံ၊ စာလုံးပေါင်းမှန်မမှန် လက်ညှိုးနှင့်ထောက်ရင်း အသံထွက်ဖတ်မှ စစ်ဆေးခြင်းမည်ပါသည်။ အမှားအယွင်း ကင်းစင်နိုင်ပါသည်။ ဤကား ဆောင်ရွက်စဉ်တည်း။

**အခြေခံဥပဒေသ သဘောတရား**

ဘယ်တာဝန်၊ ဘယ်လုပ်ငန်း၊ ဘယ်နယ်ပယ်မဆို အခြေခံသဘောတရားက ရှိနေကြပါသည်။ အောင်မြင်စေရသော အကြောင်းတရားများကို ခေါ်ဝေါ်ခြင်းဖြစ်ပါ၏။ အကြောင်းကောင်းကိုပြုလုပ်ခြင်းအားဖြင့် အကျိုးဆက်အကောင်းရလဒ်များ ပေါ်ထွက်သော အကြောင်းအကျိုးနိယာမ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော စသောပဋ္ဌာန်းသမုဒ်ပါဒ် သဘောတရားမျိုး ဆိုနိုင်ကောင်းပါမည်။

ရည်မှန်းချက်တာဝန် (အလုပ်)တစ်ခုခု လုပ်ရတော့မည်ဆိုပါက အောက်ပါ ခြောက်ချက်သည် အခြေခံသဘောတရားဟု ဆိုထိုက်ပါ၏။

(၁) **အရှည်မြော်မြင်ပြီး ဆောင်ရွက်ရမည်။**

(၂) **ရှင်းရှင်းလင်းလင်း လုပ်ရမည်။** (ရှုပ်ရှုပ်ထွေးထွေးမလုပ်သင့်ပါ)

(၃) **တိကျရပါမည်။** (ဘယ်သူ၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘာကြောင့်၊ ဘယ်လို၊ ဘာကို၊ လုပ်ဆောင်ရမည့် အသီးသီးက တိကျရှင်းလင်း၊ ပြီးစေရခြင်း)

(၄) **ပေါင်းစပ်ညှိနှိုင်း၍ လုပ်ဆောင်ကြရမည်။** အပေးအယူ၊ အနေးအမြန်၊ အတင်းအချ၊ အတင်းအလျော့၊ ညှိနှိုင်းဖေးမ၊ အပြန်အလှန် ကူညီထောက်ပံ့ရမည်။

(၅) **အချိန်မီ ပြီးစီးရမည်။** သတ်မှတ်ချိန်မကျော်လွန်စေရ။

(၆) စွမ်းဆောင်မှု အရည်အသွေးတိုးတက်ကြစေရန် အုပ်စုလိုက်၊ တစ်ဦးချင်း၊ ဌာနအလိုက်၊ လုပ်ငန်းအလိုက်၊ **လေ့ကျင့်မှုများ အဆက်မပြတ် ရှိနေစေရမည်။**

**ခေါင်းဆောင်မှုအခြေခံသဘောတရား**

ဂျွန်စီမက်ဇ်ဝဲကဲ့သို့ ကမ္ဘာကျော်စာရေးဆရာများက ၂၁ ချက် စသဖြင့် ဖော်ပြကြပါသည်။ အဓိက ဗဟိုအချက်အချာအချက်ကား တစ်ခုသာ ရှိပါ၏။ ခေါင်းဆောင်မှု၏ အခြေခံသဘောတရား ဥပဒေသ

(၁) မှာ **"စံနမူနာပြသခြင်းဖြင့် ခေါင်းဆောင်ပါ"**

(၂) **"စံနမူနာပြသခြင်းဖြင့် ခေါင်းဆောင်ပါ"**

(၃) **"စံနမူနာပြသခြင်းဖြင့် ခေါင်းဆောင်ပါ"ဒါပါပဲ။**

**သတင်းပြန်ကြားရေး၏ အောင်မြင်ကြောင်း ဥပဒေသ**

အားလုံးသိပြီးဖြစ်သည့်အတိုင်း ဤသုံးချက်ကိုသာ လက်တွေ့အကောင်အထည်ဖော်လျှင် မုချ အောင်မြင်ပါသည်။

၁။ **မှန်ရမည်။** စာသားမှန်ရမည်၊ အသံထား မှန်ရမည်။ ဟန်ပန် မှန်ရမည်။ ရည်ရွယ်ချက် မှန်ရမည်။ သတ်ပုံ မှန်ရမည်။ အဖြတ်အရပ် မှန်ရမည်။ ဌာန်ကရိုဏ်း မှန်ရမည်။ ရှေ့နောက် မှန်ရမည်။ စသည် စသည်၊

၂။ **မြန်ရမည်။** နှေးလျှင် နောက်ကျလျှင် ရှုံးမည်။

၃။ **ထိရောက်ရမည်။** သူများလို ထိရောက်အောင်မလုပ်တတ်လျှင် ခံနေရပါမည်။ ထိရောက်အောင် လုပ်တတ်ဖို့ဆိုသည် အမှန်တကယ် နားလည်တတ်ကျွမ်းသူ ဘာသာရပ်အလိုက် (Trait Professional) ပညာရှင်ကို အသုံးချရမည်။ လုပ်တတ်ကိုင်တတ်သူ (Skill)ကို လုပ်ချင်ကိုင်ချင်အောင် (Will) ကွပ်ကဲဦးဆောင်နိုင်ရပါသည်။

**မူဝါဒ**

မူဝါဒသည် အသင်းအပင်း အဖွဲ့အစည်းများ၏ ကြီးမားထူးခြားသော အောင်မြင်မှုကိုလည်း ရစေနိုင်၏။ မူဝါဒမှားယွင်းချွတ်ချော်လျှင် ကျရှုံးပျက်စီးခြင်းသို့လည်း ဆိုက်ရောက်တတ်ပါ၏။ အောင်မြင်စေသည့် မူဝါဒဆိုသည်မှာ ပုံသေကားကျ၊ ဖော်မြူလာ ရေးမထားပေ။

ကမ္ဘာတစ်ခုလုံး၏ သဘာဝဖြစ်ပေါ် ပြောင်းလဲမှု၊ အပူအအေး၊ အတက်အကျ၊ သဘာဝဘေးဒုက္ခများ၊ လူသားဖန်တီးသော စစ်မက်၊ တိုက်ပွဲ၊ အကြမ်းဖက်မှု စသော မမျှော်မှန်းနိုင်သော ကပ်ဆိုးများ၊ အချိန်ကာလ၊ နေရာဒေသ၊ သမိုင်းကြောင်း နောက်ခံကား၊ ပထဝီစီးပွားရေး၊ ပထဝီနိုင်ငံရေး စသည့်ဘက်ပေါင်းစုံကို မြော်ခေါ်တွက်ဆ၍ မူဝါဒချမှတ်ရပါမည်။ အမြော်အမြင်ရှိရမည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ကောင်းမွန်တိုးတက်မှုသည် ပြည်သူပြည်သားများ၏ အသိအမြင် အယူအဆ အမြင်ကျယ်ခြင်း၊ မြော်မြင်နိုင်စွမ်းရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အချင်းချင်းစာနာနားလည်မှုရှိစွာ အစေးကပ်ခြင်း၊ အပြန်အလှန်လေးစားတန်ဖိုးထားတတ်ခြင်း စသောလူသားချင်းဆက်ဆံရေး ချောမောပြေပြစ်မှု စသည်တို့နှင့် ကိန်းပေါင်းစုံဆက်နွှယ် (Multifactorial Condition) အခြေအနေဖြစ်ပေသည်။ အသီးတစ်ရာ၏ အညှာတစ်ခုကို မြင်တတ်သိတတ် ကိုင်တွယ်တတ်ရ၏။

မူဝါဒကို ခေတ်ကာလရေစီးကြောင်းအလိုက် မပျော့ပျောင်း မပြုပြင်နိုင်ဘဲ တရားသေ၊ လေ့နံ့ခံထစ် ပြုလုပ်နေသဖြင့် ကျဆုံးသွားသော အသင်းအပင်းအုပ်စုများ သမိုင်းသင်ခန်းစာတွင် တွေ့မြင်နိုင်ပါ၏။

ရှေ့လာမည့် ၁၀ နှစ်၊ အနှစ် ၅၀ ကြိုတင်မြော်ခေါ် တွက်ဆလျက် သစ်ပင်သစ်တောများ အလေးထားစိုက်ပျိုးခြင်း၊ သီးနှံစပါး၊ ဝါဂွမ်းစသော ထုတ်ကုန်များ အဆတိုးထွက်ရှိအောင် ခေတ်မီနည်းစနစ်ဖြင့် ထုတ်လုပ်စီမံခြင်း၊ လူသားအရင်းအမြစ် ပညာရည်အားကောင်းစေရန် သိပ္ပံပညာ၊ ဝိဇ္ဇာပညာ၊ နည်းပညာများခေတ်မီအောင် ပြုပြင်မြှင့်တင်သင်ကြားခြင်း စသည်တို့သည် အနာဂတ်နိုင်ငံတော်ကို ပိုမိုတိုးတက်ကောင်းမွန်စေမည့် မူဝါဒများပေတည်း။

**နိဂုံး**

စာဖတ်သူ သိပြီးသားများကို ဆွေးနွေးတင်ပြရသဖြင့် အကျယ်မဖော်ပြတော့ပါ။ လူကြီးများဖတ်ရန် မရည်ရွယ်ဘဲ လူငယ်များမျက်စိကျယ်စေရန် ဖော်ပြခြင်းသာဖြစ်ပါ၏။ မောင်တို့မယ်တို့ ဘာပဲလုပ်လုပ် ဆောင်ရွက်စဉ် (Procedure)နှင့်မူဝါဒ(Policy)တို့ကို သိမြင်အောင် မေးမြန်းပါ။ စူးစမ်းပါ။ မှတ်သားစုဆောင်း၍ ဘဝခရီးမှာ လက်တွေ့အသုံးချကြည့်ပါ။ ယခင်ကထက် ပိုမိုထိရောက် အောင်မြင်လာပါလိမ့်မည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့ တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ရှင်သန်ချိန်မှာ တရားရှာ

\- ဝမ်းတစ်ထွာ ပူဆာဆင့်  
လူမှာဖြင့် ချာချာလည်၊  
ဒုစရိုက် အမိုက်မှား  
လိုက်စားခဲ့သည်၊  
ပညာဉာဏ်မဲ့ စိတ်မတည်  
နိမိတ်ချည်ပေါ့ ပါယ်ငရဲ၊  
ကိလေသာ အညီဟောက်နှင့်  
တည်ဆောက်နေဆဲ။

\- သံသရာ လောကထဲ  
ဖြစ်ပျက်လည်း မမြင်ပါ၊  
အကုသလံ ကုသလ  
နှလုံးစုံစွာ၊  
နေခွင့်ရ ခဏတာ  
ဘဝဟာ အလင်းမဲ့၊  
ဒေသနာ မြတ်တရား  
မမှတ်သားခဲ့။

\- ဆင်ခြင်ဉာဏ် အတွေးချဲ့  
မဝေးတဲ့ မြတ်နိဗ္ဗာန်၊  
ကျင့်သိက္ခာ သမာဓိ  
သီလရှိရန်၊  
မဂ္ဂင်ဖောင်ကြီး စီးလို့ကြံ  
နီးဖို့မှန် ဝိပဿနာခင်း၊  
ဂုဏ်တင့်စေ မေတ္တာဓာတ်နှင့်  
မြင့်မြတ်စေခြင်း။ ။

အဝေရာကိုကို

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၁၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၅၁၃ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ပဲတီစိမ်းသီးနှံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၅၅၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ပညာပေးတာတွေရှိပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် ပဲတီစိမ်းသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် ရွာလယ်ကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ညောင်ရွှေ ဩဂုတ် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း (RBF) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဟဲယာရွာမကျေးရွာအုပ်စု ရွာလယ်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုက ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း RBF စီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ အစည်းအဝေး တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက RBF စီမံကိန်းကော်မတီဝင် ငါးဦးကို အများသဘောတူဆန္ဒနှင့်အညီ ရွေးချယ် ပေးခဲ့သည်။

ရွာလယ်ကျေးရွာတွင် ကျေးလက်စီးပွားရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းကို နိုင်ငံတော် ပံ့ပိုးငွေကျပ် ၁၅ သန်းဖြင့် အစုအဖွဲ့များဖွဲ့စည်းကာ တစ်နိုင်တစ်ပိုင်လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မကွေးမြို့နယ် ယင်းသာစည်(န)ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မကွေး ဩဂုတ် ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယင်းသာစည်(န)ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ယင်းသာစည်(န)ကျေးရွာ၌ အလျားပေ ၆၀၊ အနံ ၃၆ ပေ၊ အမြင့် ၁၂ ပေရှိသော ဘက်စုံသုံးခန်းမ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း(Smart Village)ရန်ပုံငွေကျပ် ၁၉ ဒသမ ၉ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၆၀ ဒသမ ၁ သန်း၊ စုစုပေါင်း ငွေကျပ် သန်း ၈၀ ဖြင့် ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝကို အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# နိုင်ငံတကာ သတင်းများ

## သီရိလင်္ကာသမ္မတဟောင်း ရာနီးလ်ဝစ်ခရီမီဆင်းကို ကိုလံဘိုအမျိုးသားဆေးရုံကြီးသို့ တင်ပို့ထား

**ကိုလံဘို ဩဂုတ် ၂၄**

ဖမ်းဆီးထိန်းသိမ်းခံထားရသော သမ္မတဟောင်း ရာနီးလ်ဝစ်ခရီမီဆင်းကို ဆေးရုံသို့ပို့ဆောင်ထားရကြောင်း သီရိလင်္ကာပြည်တွင်း မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သမ္မတရာထူး ရယူထားစဉ်အတွင်း အစိုးရငွေများအလွဲသုံးစားပြုလုပ်သည့်စွပ်စွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး တစ်ရက်အကြာတွင် သမ္မတဟောင်း ဝစ်ခရီမီဆင်းကို ဆေးရုံတင်ထားရခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၇၆ နှစ်ရှိသမ္မတဟောင်း ဝစ်ခရီမီဆင်းကို သီရိလင်္ကာရဲတပ်ဖွဲ့က ဩဂုတ် ၂၂ ရက်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဩဂုတ် ၂၃ ရက်တွင် သမ္မတဟောင်း ဝစ်ခရီမီဆင်းကို ကိုလံဘို အမျိုးသားဆေးရုံ အရေးပေါ်ဌာနသို့ တင်ပို့ခဲ့ရကြောင်း သီရိလင်္ကာမီဒီယာများ၏ အဆိုအရ သိရသည်။

သမ္မတဟောင်း ဝစ်ခရီမီဆင်းကို ရေဓာတ်ခန်းခြောက်မှု၊ ဆီးချိုရောဂါ၊သွေးတိုးရောဂါများကြောင့် ဆေးရုံသို့တင်ထားရခြင်းဖြစ်သည်။

ဝစ်ခရီမီဆင်းသည် သမ္မတရာထူးရယူထားစဉ်ကာလ ၂၀၂၃ ခုနှစ်အတွင်း ဗြိတိန်တက္ကသိုလ်တစ်ခုက ၎င်း၏ဇနီးအတွက် ပေးအပ်သည့် ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ အခမ်းအနားတက်ရောက်ရေးအတွက် ဗြိတိန်သို့ သွားရောက်စဉ် အစိုးရငွေကြေးများမှ ထုတ်နုတ်သုံးစွဲခဲ့ကြောင်း စွပ်စွဲခံထားရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂါဇာ၌ အငတ်ဘေးစတင်ကျရောက်နေကြောင်း နိုင်ငံတကာအငတ်ဘေးစောင့်ကြည့်ရေးအဖွဲ့ ကြေညာ

**နယူးယောက် ဩဂုတ် ၂၄**

ဂါဇာစီးတီးမြို့နှင့်ပတ်ဝန်းကျင်နေရာများ၌ အငတ်ဘေးစတင်ကျရောက်နေပြီဖြစ်ကြောင်း နိုင်ငံတကာအငတ်ဘေးစောင့်ကြည့်ရေးအဖွဲ့ဖြစ်သည့် စားနပ်ရိက္ခာလုံခြုံရေးအဆင့် သတ်မှတ်ရေးအဖွဲ့(အိုင်ပီစီ)က ဩဂုတ် ၂၃ ရက်တွင် တရားဝင်ကြေညာထားသည်။

ဂါဇာစီးတီးမြို့၌ ကျရောက်နေပြီဖြစ်သည့် အငတ်ဘေးမှာ ဂါဇာကမ်းမြောင်တောင်ပိုင်းမြို့များသို့ ဆက်လက် ကူးစက်နိုင်ကြောင်း အိုင်ပီစီကြေညာချက်တွင် ဖော်ပြထားသည်။

အိုင်ပီစီ၏အဆိုအရ ဂါဇာကမ်းမြောင်ဒေသ လူဦးရေစုစုပေါင်း၏လေးပုံတစ်ပုံခန့် သို့မဟုတ် ၅၁၄၀၀၀တို့မှာ အငတ်ဘေးနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။

ယင်းအပြင် အငတ်ဘေးနှင့် ရင်ဆိုင်ရမည့် ဂါဇာပြည်သူအရေအတွက်မှာ လာမည့်စက်တင်ဘာလကုန်တွင် ၆၄၁၀၀၀ ထိရှိလာနိုင်ကြောင်း အိုင်ပီစီက သတိပေးထားသည်။

ဂါဇာစီးတီးမြို့အတွက် ထုတ်ပြန်ခဲ့သည့် အငတ်ဘေးကြေညာချက်သည် အိုင်ပီစီက အာဖရိကပြင်ပနေရာတစ်ခုအတွက် ပထမဆုံးထုတ်ပြန်ခဲ့သော အငတ်ဘေးကြေညာချက်ဖြစ်သည်။

သို့ရာတွင် အိုင်ပီစီက ဂါဇာစီးတီးမြို့အတွက် ထုတ်ပြန်ထားသည့် အငတ်ဘေးကြေညာချက်ကို အစ္စရေးအစိုးရက မုသားများသာပါရှိသည့် အစီရင်ခံစာအဖြစ် ဝေဖန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ယူကရိန်းအရှေ့ပိုင်း ဒွန်နက်စ်ဒေသရှိကျေးရွာနှစ်ရွာကို ရုရှားတပ်များထိန်းချုပ်



**မော်စကို ဩဂုတ် ၂၄**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ဒွန်နက်စ်ဒေသ ရှေ့တန်းမျဉ်းတစ်လျှောက်၌ ရုရှားတပ်များက လူနေဒေသနှစ်ခုကို ထပ်မံသိမ်းပိုက်နိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များက ထိန်းချုပ်နိုင်ခဲ့သည့် ကျေးရွာနှစ်ရွာမှာ ကော့စတီယန်တိုင်နီကာအမည်ရှိမြို့အနီးတည်ရှိသော ကျေးရွာနှစ်ရွာဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါကျေးရွာများကို ရုရှားတပ်များထိန်းချုပ်မှု သတင်းနှင့်ပတ်သက်၍ ယူကရိန်းတာဝန်ရှိသူများက တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ရုရှားတပ်မတော်သည် လက်ရှိအချိန်တွင် ယူကရိန်းအရှေ့ပိုင်း ဒွန်နက်စ်ဒေသနှင့် လူးဟန့်စ်ဒေသတို့ကို အပြည့်အဝထိန်းချုပ်နိုင်ရေးအတွက် အဓိကထားကြိုးပမ်းလျက်ရှိသည်။

သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် အမေရိကန်အစိုးရက ကြားဝင်ကြိုးပမ်းနေသော်လည်း ယူကရိန်းအရှေ့ပိုင်း ရှေ့တန်းစစ်မြေပြင်တစ်လျှောက် ပဋိပက္ခများပြင်းထန်နေဆဲဖြစ်သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းနိုင်ငံတစ်နိုင်ငံလုံးအကျယ်အဝန်း၏ ၂၀ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဆီးရီးယားလွှတ်တော်ရွေးကောက်ပွဲများ၌ ဝီဒါပြည်နယ်နှင့် အခြားပြည်နယ်နှစ်ခု ပါဝင်မည်မဟုတ်ဟုဆို

**ဒမတ်စကတ် ဩဂုတ် ၂၄**

လာမည့် စက်တင်ဘာလတွင် ကျင်းပမည့်လွှတ်တော်ရွေးကောက်ပွဲများတွင် လုံခြုံရေးပြဿနာများကြောင့် ဆီးရီးယားတောင်ပိုင်း ဝီဒါပြည်နယ်နှင့် အခြားပြည်နယ်နှစ်ခုပါဝင်လိမ့်မည်မဟုတ်ကြောင်း ဆီးရီးယားရွေးကောက်ပွဲကော်မရှင်က ဩဂုတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် စက်တင်ဘာ ၁၅ ရက်နှင့် ၂၀ ရက်ကြား ကျင်းပဖွယ်ရှိသည့် ဆီးရီးယားလွှတ်တော်ရွေးကောက်ပွဲများသည် သမ္မတဟောင်းအာဆတ် ရာထူးစွန့်လွှတ်ခဲ့ရပြီးနောက်အစိုးရသစ်လက်ထက် ပထမဆုံးကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲဖြစ်သည်။

သို့ရာတွင် ယင်းရွေးကောက်ပွဲ၌ လုံခြုံရေးပြဿနာများရှိနေသည့် ဝီဒါပြည်နယ် ပါဝင်မည်မဟုတ်ကြောင်း ဆီးရီးယားရွေးကောက်ပွဲကော်မရှင်ကြေညာချက်၌ ဖော်ပြထားသည်။



ယခုနှစ် ဇူလိုင်လအတွင်း ဝီဒါပြည်နယ်၌ ဒရုဇ်လူမျိုးများနှင့် ဘီဒိုးအင်းလူမျိုးများကြား လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားခဲ့ရာ လူပေါင်း ၃၀၀ကျော် သေဆုံးခဲ့ရသည်။

ယင်းအပြင် ဆီးရီးယားကာ့ဒ်ဒီမိုကရက်တစ်တပ်များ ထိန်းချုပ်ထားသည့် မြောက်ပိုင်းဒေသ ဟာဆာကာပြည်နယ်နှင့် ရက်ဟာပြည်နယ်များတွင်လည်း လုံခြုံရေးအခြေအနေ စိတ်ချရချိန်မှာသာ ရွေးကောက်ပွဲများကျင်းပပေးမည်ဖြစ်ကြောင်းဆီးရီးယားရွေးကောက်ပွဲကော်မရှင် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

စက်တင်ဘာလ လွှတ်တော်ရွေးကောက်ပွဲများတွင် ဆီးရီးယားမဲဆန္ဒရှင်များအနေဖြင့် ပြည်သူ့လွှတ်တော်အတွက် အမတ်နေရာ ၂၁၀ တို့ကို ရွေးချယ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း ရန်စမှုများရှောင်ရှားရန် ဘယ်လာရုစ်ကို ယူကရိန်းသတိပေး

**ကီယက်ဗ် ဩဂုတ် ၂၄**

ရုရှားနှင့် ဘယ်လာရုစ်တို့ပူးတွဲပြုလုပ်မည့် ဇာပက်ဒ်စစ်ရေးလေ့ကျင့်မှုအတွင်း ရန်စမှုများမပြုလုပ်ရန် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာနက ဘယ်လာရုစ်အစိုးရကို ဩဂုတ် ၂၃ ရက်တွင် သတိပေးခဲ့ကြောင်း သိရသည်။

ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် လာမည့်စက်တင်ဘာလအတွင်း ဇာပက်ဒ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဘယ်လာရုစ်နိုင်ငံ၌ ပြုလုပ်ရန် စီစဉ်ထားသည်။

ရုရှားနိုင်ငံသည် ၂၀၂၁ ခုနှစ် ဇာပက်ဒ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကိုအယောင်ပြ၍ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြားတွင် ယူကရိန်းနယ်စပ်၌စစ်အင်အားတည်ဆောက်ခဲ့ကြောင်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းအပြင် လာမည့်ဇာပက်ဒ် ပူးတွဲစစ်ရေး လေ့ကျင့်မှုအတွင်း ရန်စလှုံ့ဆော်မှုများ မပြုလုပ်ရန်လည်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဘယ်လာရုစ်နိုင်ငံကို သတိပေးထားသည်။

ရုရှားနှင့် ဘယ်လာရုစ်တို့၏ ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့်ပတ်သက်၍ ပိုလန်၊ လစ်သူယေးနီးယားနှင့် လက်ဗီးယားနိုင်ငံတို့ကလည်း စိုးရိမ်လျက်ရှိသည်။

ဇာပက်ဒ်-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် နျူကလီးယားလက်နက်သုံးစွဲမှုဆိုင်ရာလေ့ကျင့်ခန်းများ၊ ရုရှား၏ အော်ရက်ရှ်နစ်ဟိုက်ပါဆိုးနစ် တာလတ်ပစ်ဒုံးကျည်ပစ်လွှတ်မှုများ ပါဝင်မည်ဖြစ်ကြောင်း ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## စတားလင့်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို စပေ့စ်အိတ်ကုမ္ပဏီ လွှတ်တင်ခဲ့



ဝါရှင်တန် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ဂြိုဟ်တုသစ် ၂၄ စင်း သယ်ဆောင်ထားသည့် ဖယ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာ့အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ထားခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်ကွန်-၉ ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၂ ဒသမ ၅ မိနစ်အကြာတွင် ဖယ်ကွန်-၉ ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ဂြိုဟ်တု ၂၄ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဩဂုတ် ၂၂ ရက် မစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၁၀၂ ကြိမ်မြောက် ဖယ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## New Shepard ဒုံးယာဉ်လွှတ်တင်ရေးအစီအစဉ်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီ ဆိုင်းငံ့ထား

ဝါရှင်တန် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ အခြေစိုက် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ၃၅ ကြိမ်မြောက် New Shepard ဒုံးယာဉ်လွှတ်တင်ရေး အစီအစဉ်ကို ဒုံးပျံယာဉ်ပြဿနာတစ်ရပ်ကြောင့် ဆိုင်းငံ့ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် New Shepard ဒုံးယာဉ်ကို ဩဂုတ် ၂၃ ရက်တွင် လွှတ်တင်ရန် မူလကစီစဉ်ထားသည်။

သို့ရာတွင် New Shepard ပင်မဒုံးယာဉ်၏ ပျံသန်းရေးစနစ်ပြဿနာတစ်ရပ်ကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း ဘလူးအော်ရီဂျင်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

New Shepard ဒုံးယာဉ်ကို လွှတ်တင်ရေးအတွက် ထပ်မံကြိုးပမ်းမည့်အချိန်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

၃၅ ကြိမ်မြောက် မစ်ရှင်တွင် New Shepard ဒုံးပျံယာဉ်သည် ပုဂ္ဂလိကအာကာသခရီးသည်များ လိုက်ပါမည်မဟုတ်ဘဲ သိပ္ပံပညာစူးစမ်းလေ့လာရေးပစ္စည်းများကိုသာ သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်သည် ၃၅ ကြိမ်မြောက် New Shepard



မစ်ရှင်ကို အနောက်တက္ကဆက်ဒေသရှိ ဘလူးအော်ရီဂျင်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Rocket Lab ကုမ္ပဏီက အမည်မသိဂြိုဟ်တုငါးစင်းကို လွှတ်တင်

ဝါရှင်တန် ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ အခြေစိုက်



Rocket Lab ကုမ္ပဏီသည် ကုမ္ပဏီတစ်ခု၏ အမည်သိဂြိုဟ်တုငါးစင်းကို ဩဂုတ် ၂၃ ရက်တွင် လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် အဆိုပါဂြိုဟ်တုငါးစင်းကို နယူးဇီလန်နိုင်ငံမှတစ်ဆင့် ဖယ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် အဆိုပါဂြိုဟ်တု ငါးစင်းကို ကမ္ဘာမြေပြင်အထက် အမြင့် ၄၁၃ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုယ်ထည်အလျား ၅၉ ပေရှည်လျားသည့် အီလက်ထရွန်ဒုံးပျံများသည် အသေးစားဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ လွှတ်တင်ရန် ရည်ရွယ်တည်ဆောက်ထားသည့် ဒုံးပျံဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် အီလက်ရွန်ဒုံးပျံထက် ပိုကြီးမား၍ အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်မည့် အာထရွန်အမည်ရှိ ဒုံးပျံသစ်ကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ကလေးများ၌ မျက်စိအဝေးမှုန်မှုပြဿနာဖြစ်နိုင်ခြေကို အိုမီဂါ-၃ ဖက်တီးအက်စစ်ကတားဆီးရာတွင် အထောက်အကူပြုနိုင်

ပေကျင်း ဩဂုတ် ၂၄

အိုမီဂါ-၃ ဖက်တီးအက်စစ်သည် ကလေးများ၌ မျက်စိအဝေးမှုန်မှုပြဿနာ ဖြစ်ပေါ်လာနိုင်ခြေကိုတားဆီးရာတွင်အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ ဟောင်ကောင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အိုမီဂါ-၃ ဖက်တီးအက်စစ်စားသုံးမှုနည်းပါးသူ ကလေးများတွင် မျက်စိအဝေးမှုန်မှုနှင့် ဆက်စပ်နေသော မျက်လုံးပြဿနာများပေါ်ထွက်လာနိုင်ခြေ ပိုမိုမြင့်မားလာတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိုမီဂါ-၃ ဖက်တီးအက်စစ်သည် မျက်စိအဝေးမှုန်မှုပြဿနာကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်သည့် အာဟာရဓာတ်တစ်မျိုးဖြစ်နေနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် ထောပတ်၊ စားအုန်းဆီနှင့် အနီရောင်အသားများတွင် ပါဝင်သော ပြည့်ဝဆီများကြောင့် ကလေးများ၌ မျက်လုံးအဝေးမှုန်မှုပြဿနာပေါ်လာနိုင်ခြေ မြင့်မားလာနိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

တရုတ်သုတေသနပညာရှင်များသည် အသက် ခြောက်နှစ်နှင့် ရှစ်နှစ်ကြား ကလေးဦးရေ ၁၀၀၀ ကျော်တို့၏ မျက်လုံးကျန်းမာရေးအခြေအနေများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ အိုမီဂါ-၃ ဖက်တီးအက်စစ်စားသုံးမှု အနည်းဆုံးကလေးများ၌ မျက်လုံးအဝေးမှုန်မှုပြဿနာပေါ်လာနိုင်ခြေ မြင့်မားလာနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားထားသည်။

Ref : Xinhua News

Trs : KKO

## Beta Blockers သွေးဖိအားလျှော့ချရေးဆေးများက ရင်သားကင်ဆာရောဂါပုံစံတစ်မျိုးကို ကာကွယ်နိုင်ဖွယ်ရှိ

ကင်ဘာရာ ဩဂုတ် ၂၄

လူသန်းပေါင်းများစွာတို့သုံးစွဲနေကြသော သွေးဖိအားလျှော့ချရေးဆေးတစ်မျိုးသည် အမျိုးသမီးများ၌ ကြောက်မက်ဖွယ်အကောင်းဆုံးရင်သားကင်ဆာရောဂါတစ်မျိုးဖြစ်ပွားမှုကို ကာကွယ်နိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ မိုးနက်ရှ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Beta Blockers ခေါ် သွေးဖိအားလျှော့ချရေးဆေးများသည် အမျိုးသမီးများ၌ Triple Negative Bre-ast Cancer ခေါ် ရင်သားကင်ဆာရောဂါပုံစံတစ်မျိုးဖြစ်ပွားနိုင်မှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိသည်။

ထို့ပြင် Beta Blockers ဆေးများသည် Triple Negative Breast လူနာတချို့တွင် ရောဂါအခြေအနေဆိုးလာမှုကို တားဆီးပေးနိုင်သည်ကိုလည်း တွေ့ရကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များက ပြောကြားသည်။

Beta Blockers ဆေးများသည် ကင်ဆာဆဲလ်များကြီးထွားမှုဖြစ်စဉ်ကို အားပေးနေသော HOXC 12 ခေါ် မျိုးဗီဇတစ်မျိုးကို ထိန်းချုပ်ပေးခြင်းဖြင့် ရင်သားကင်ဆာရောဂါအခြေအနေ ဆိုးရွားလာမှုအရှိန်ကို လျှော့ချပေးနိုင်ကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

Beta Blockers ဆေးသည် Triple Negative Breast Cancer ခေါ် ရင်သားကင်ဆာရောဂါအတွက် ကုထုံးတစ်မျိုးဖြစ်လာနိုင်ကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ယုံကြည်ထားသည်။

Triple Negative Breast Cancer ခေါ် ရင်သားကင်ဆာရောဂါဖြစ်ပွားနှုန်းသည် ရင်သားကင်ဆာဖြစ်ပွားမှု စုစုပေါင်း ၁၅ ရာခိုင်နှုန်းခန့်သာ ရှိသော်လည်း ၎င်းကင်ဆာရောဂါသည် ကုသရန်အလွန်ခက်ခဲသော ရင်သားကင်ဆာရောဂါပုံစံ တစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ကန်တလေနှင့် ဖလက်ဝုဒ်တို့ ပူးတွဲဦးဆောင်




အတ္တလန်တာ ဩဂုတ် ၂၄

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပနေသည့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ကန်တလေနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ပထမနေ့နှင့် ဒုတိယနေ့တို့တွင်အမှတ်ပေးဇယားကိုဦးဆောင်ခွင့်ရခဲ့သည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟန်လေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဘရက်ဒ်လေကာ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲဝင်များအနက် ဖလက်ဝုဒ်က စွမ်းဆောင်ရည်ပိုင်းအတည်ငြိမ်ဆုံးကစားသမားဖြစ်ပြီး တတိယနေ့အထိ ပုံစံကောင်းအားဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ဖလက်ဝုဒ်က "ကျွန်တော့်အတွက်တော့ သုံးရက်စလုံးဟာ အရမ်းကိုခက်ခဲခဲ့ပါတယ်။ အထူးသဖြင့် တတိယနေ့က ပိုပြီးတော့ ခက်ခဲခဲ့ပါတယ်။အခက်အခဲတွေနဲ့ ရင်ဆိုင်ရပေမဲ့လဲ ရလဒ်ကောင်းတစ်ခုကို ဆက်လက်ထိန်းသိမ်းထားနိုင်ပြီးတော့ အမှတ်ပေးဇယားကိုဆက်လက် ဦးဆောင်ခွင့်ရထားတဲ့အတွက်ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်တော့်အနေနဲ့ ကျင်းစိမ်းတဲ့အပိုင်းမှာတော့ အမှားနည်းခဲ့တယ်။ နောက်ဆုံးနေ့မှာ ဘာတွေဖြစ်လာမလဲဆိုတာတော့ မပြောနိုင်သေးဘူး" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# WBA လိုက်ဝိတ်တန်း အမျိုးသမီးကမ္ဘာ့ချန်ပီယံ ခါးပတ်ကို စတီဖန်နီဟန် ကာကွယ်နိုင်ခဲ့

ဖလော်ရီဒါ ဩဂုတ် ၂၄

WBA လိုက်ဝိတ်တန်း အမျိုးသမီးကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့မယ် စတီဖန်နီဟန်သည် စိန်ခေါ်သူ ကိုလံဘီယာလက်ဝှေ့မယ် ပေါလင်နာနှင့် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ထိုးသတ်ခဲ့ရာ စတီဖန်နီဟန်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဖန်နီဟန်အတွက် လက်ရှိချန်ပီယံဆုအား ပထမဆုံးအကြိမ် ကာကွယ်ထိုးသတ်ခဲ့သည့် ပွဲစဉ်ဖြစ်ပြီး တစ်ဖက်သတ်ဖိအားပေးထိုးသတ်နိုင်ခဲ့သည်။

ဒိုင်အမှတ်ဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သော်လည်း ရမှတ်များမှာ ပြတ်သားခဲ့ပြီး စတီဖန်နီဟန်က ကမ္ဘာ့ချန်ပီယံဖြင့် ထိုက်တန်ကြောင်းကို ပြသနိုင်ခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် ဒိုင်သုံးဦးစလုံးက (၉၈-၉၁) မှတ်ဖြင့် စတီဖန်နီဟန်အား အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိချန်ပီယံအား စိန်ခေါ်ထိုးသတ်ခွင့်ရခဲ့သည့် ပေါလင်နာအနေဖြင့် ကမ္ဘာ့ချန်ပီယံခါးပတ်အား ရယူနိုင်ရေးအတွက် လိုအပ်ချက်များရှိနေသေးကြောင်းလည်း ဝန်ခံပြောကြားခဲ့သည်။

စတီဖန်နီဟန်က "ပထမဆုံးသောကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ အောင်မြင်စွာကာကွယ်နိုင်ဖို့အတွက်လဲ ဒီပွဲစဉ်အတွက်အများကြီးပြင်ဆင်ခဲ့တယ်။ ကြိုးဝိုင်းထဲမှာလဲ ပြင်ဆင်ထားတဲ့အတိုင်း အကောင်းဆုံးလုပ်ပြနိုင်ခဲ့ပါတယ်။ နောက်ထပ် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ် ထိုးသတ်သွားဖို့ လေ့ကျင့်ရေးအစီအစဉ်ကို မကြာခင်ပြန်လည်စတင်သွားမယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL



# စီးရီးအေထိပ်တန်းကလပ်အသင်းငါးသင်းက ချီဆာကို ခေါ်ယူရန် အပြိုင်ကြိုးပမ်း

ရောမ ဩဂုတ် ၂၄

လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလ ပြီးဆုံးရန် ရက်ပိုင်းအလိုတွင် စီးရီးအေထိပ်တန်းကလပ်အသင်း ငါးသင်းက လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ချီဆာကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

ချီဆာသည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဂျူဗင်တပ်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြ အာနီစလော့လက်အောက်တွင် ပွဲကစားခွင့် အနည်းငယ်သာ ရရှိခဲ့ပြီးနောက် အနာဂတ်မရေမရာ ဖြစ်နေကာ စီးရီးအေပြိုင်ပွဲသို့ ပြန်လည်ပြောင်းရွှေ့လိုနေခြင်းဖြစ်သည်။

ချီဆာသည် စီးရီးအေပြိုင်ပွဲ၌ ဖီအိုရင်တီးနားအသင်း၊ ဂျူဗင်တပ်အသင်းတို့တွင် ကစားခဲ့စဉ်က ထိပ်တန်း တိုက်စစ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း လီဗာပူးအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသည့်အတွက် လက်ရှိအပြောင်းအရွှေ့ကာလအစပိုင်းကတည်းက အသင်းမှထွက်ခွာရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လီဗာပူးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ချီဆာကို လက်ရှိတွင် စီးရီးအေထိပ်တန်းကလပ် အသင်းကြီးများဖြစ်သည့် အေစီမီလန်အသင်း၊ အတ္တလန်တာအသင်း၊ နာပိုလီအသင်း၊ ရိုးမားအသင်း၊ အင်တာမီလန်အသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ချီဆာသည်ပြီးခဲ့သည့်ဘောလုံးရာသီက လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄ ပွဲသာ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ပွဲစဉ်အများစုကို လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခဲ့ရကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ရီးရဲလ်မက်ဒရစ်အသင်းက ဗင်နီစီးယက်စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၅၀ ရရှိပါက ရောင်းချရန်ဆုံးဖြတ်

မက်ဒရစ် ဩဂုတ် ၂၄

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ အဓိကတိုက်စစ် ကစားသမား ဗင်နီစီးယက်စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၅၀ ရရှိပါက ရောင်းချရန်အတွက် ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက်၂၅ နှစ်ရှိ ဗင်နီစီးယက်စ်သည် ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်က ဖလာမင်ဂိုအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ အစောပိုင်းနှစ်များက ပွဲကစားခွင့် မရရှိခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ထိပ်တန်းတိုက်စစ် ကစားသမားတစ်ဦးအဖြစ်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။




ဗင်နီစီးယက်စ်ကို ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက ဆော်ဒီထိပ်တန်းကလပ် အသင်းများက စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ကြသကဲ့သို့ လက်ရှိအပြောင်းအရွှေ့ကာလတွင် သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက အစောပိုင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့ပြီး အသင်းတွင် ဆက်လက်ထိန်းသိမ်းရန်အတွက်သာ ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

သို့သော် ရီးရဲလ်မက်ဒရစ်အသင်းက အသင်းတိုက်စစ်ပိုင်းကို အပြောင်းအလဲ လုပ်ဆောင်လိုနေပြီး ရိုဒရီဂိုနှင့်အတူ ဗင်နီစီးယက်စ်ကိုပါ ရောင်းချလိုနေကာ ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၁၅၀ ရရှိမည်ဆိုပါက ရောင်းချရန်ဆုံးဖြတ်ခဲ့ပြီး မန်စီးတီးအသင်းမှ ဟာလန်းနှင့်ပြန်လည်အစားထိုးလိုနေခြင်းဖြစ်သည်။

ဗင်နီစီးယက်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၂၃ ပွဲကစားထားပြီး ၁၀၆ ဂိုးသွင်းယူထားကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂)တွင် ဒဂုံစတားအသင်း နိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ဒဂုံစတားအသင်း နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၂)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက YUSC အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက သီဟဒီပ အားကစားကွင်းတွင် ရာမညယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၇ မိနစ်တွင် ရန်ကျော်ထွေး၊ ပွဲချိန် ၄၁ မိနစ်နှင့် ၄၉ မိနစ်တွင် ဇာနေယျသူနှင့် ပွဲချိန် ၇၇ မိနစ်နှင့် ၈၃မိနစ်တို့တွင် ထက်ဖြိုးဝေတို့က သွင်းယူပေးနိုင်ခဲ့ပြီး ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ၆၈ မိနစ်တွင် ဝေယံထက်က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၂၆ ရက် ညနေ ၃ နာရီခွဲ၌ YUSC အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

# ဇာတ်စင်ကိုအလှဆင်ခြင်း

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

ဇာတ်စင်ကိုဇာတ်ခုံဟုလည်း ခေါ်ကြသည်။ အဆို၊ အက၊ အပြော၊ သရုပ်ဆောင်၊ တီးမှုတ်မှုဆိုင်ရာများကို ပရိသတ်အားဖျော်ဖြေတင်ဆက်ရန် တည်ဆောက်ပြုလုပ်ထားသောခုံ သို့မဟုတ် စင် ဟု နားလည်နိုင်သည်။

ဇာတ်ခုံကိုတင်ဆက်မှုပုံစံအလိုက်တည်ဆောက်ကြသည်။ ပြဇာတ် ကပြသောဇာတ်ခုံ၊ အဆို၊ အတီးနှင့် အက သက်သက်ကပြသော ဇာတ်ခုံ၊ တီးမှုတ်မှုအမျိုးမျိုးချည်းသက်သက်ဖျော်ဖြေသည့် ဇာတ်ခုံ၊ မျက်လှည့်ပြမည့် ဇာတ်ခုံ၊ ရုပ်သေးဇာတ်ခုံ စသည်ဖြင့်ကွဲပြားခြားနားစွာတည်ဆောက်လာကြသည်ကိုလည်းယနေ့မျက်မှောက်ကာလ၌ထည့်သွင်းစဉ်းစားလာကြသည်။ ပရိသတ်များကို ဝန်ဆောင်မှုအပြည့်အဝပေးလိုသည့် စေတနာပင်ဖြစ်သည်။

ခေတ်မီဇာတ်ခုံတွင် အများအားဖြင့်သုံးစွဲသောကခွင်ဧရိယာသည် ၄၈ ပေကျယ်၍ အနောက်ဘက်အထက် ကခွင်စွန်းသို့ ပေ ၅၀ ရှိတတ်ကြသည်။ ဘေးတစ်ဖက်တစ်ချက်စီ၌လည်း ၃၂ ပေစီ ခန်းဖွင့်ထုတ်ထားလေ့ရှိကြသည်။ ဘေးတစ်ဖက်တစ်ချက်စီမှ ဇာတ်ဝင်အခမ်းအနားဆက်တင်များကို အထုတ်၊ အသွင်းပြုလုပ်နိုင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ ရာသီပွဲတော်အလိုက်တည်ဆောက်လာကြသည့် ဇာတ်ခုံများတွင် ကခွင်ဧရိယာကိုသာ ဦးတည်ကာတည်ဆောက်တတ်ကြသည်။ ဇာတ်ခုံဘေးတစ်ဖက်တစ်ချက်စီ ခန်းဖွင့် ၁၅ ပေကျော်မျှသာဖွင့်ထုတ်ထားကြပြီး ထိုခန်းဖွင့်နေရာ၌ ဇာတ်အဖွဲ့သားများနေထိုင်ခြင်း၊ မိတ်ကပ်၊ အဝတ်အစားလဲလှယ်ခြင်းတို့ပြုတတ်ကြသည်။

ဇာတ်ခုံ၏အောက်ပိုင်းအလွန်တွင် ဆိုင်းဝိုင်းနှင့်တီးဝိုင်းရှိကြသည်။ ထိုနေရာသည် ဇာတ်ခုံနှင့် ပရိသတ်အကြားပင်ဖြစ်တော့သည်။ ဇာတ်ခုံ၏အထက်ပိုင်းအလွန်တွင် နောက်ခံနံရံရှိသည်။ ထိုနောက်ခံ၌ တစ်ချိန်က မှန်ဆလိုက်ဖြင့်လိုအပ်သောနောက်ခံရှုခင်းတို့ကိုဖော်ပြခဲ့ကြသည်။ ယခုအခါ ဇာတ်အဖွဲ့များသည် LED Screen ကို ပြောင်းလဲသုံးစွဲလာကြသဖြင့် နောက်ခံနံရံမှန်ဆလိုက်ခေတ်သည် ကုန်ဆုံးခဲ့သည်။

ရာသီအလိုက်၊ ပွဲတော်အလိုက် ဇာတ်စင်၊ ဇာတ်ခုံတည်ဆောက်ရန်လိုအပ်လာပါက ဇာတ်ခုံအမြင့် ၅ပေ။ ဇာတ်ခုံမျက်နှာဝအကျယ် ပေ ၄၀။ ကခွင်ဧရိယာ အလျား ပေ ၃၀၊ အနံ ပေ ၃၀။ ကားတန်းအမြင့် ၂၂ ပေနှင့် ကခွင်ဘေးတစ်ဖက်တစ်ချက် ၁၆ ပေ စီတည်ဆောက်ကြသည်။

အသံပိုင်းဆိုင်ရာတာဝန်ကျသူတို့သည် ဇာတ်ခုံ၏လက်ယာဘက်၌ နေရာယူကြသည်။ မီးနှင့်ဆက်တင်ပိုင်းဆိုင်ရာတာဝန်ရှိသူတို့သည် ဇာတ်ခုံ၏လက်ဝဲဘက်တွင် နေရာယူပြင်ဆင်ကြသည်ကို တွေ့ရသည်။ ဆိုင်းတီးဝိုင်းတို့သည် ဆိုင်းသေတ္တာ၊ တူရိယာသေတ္တာတို့အပေါ်တွင် ခင်းကျင်းတီးမှုတ်ကြသည်ကိုလည်း တွေ့မြင်နိုင်သည်။ ၎င်းပညာရှင်တို့သည် ပရိသတ်နှင့်ထိကပ်နေသဖြင့် ကောင်းခြင်း၊ ဆိုးခြင်းကို ဇာတ်စင်အထက်မှ ပုဂ္ဂိုလ်ထက်ပိုမိုခံစားကြရသည်။

ဇာတ်စင်တည်ဆောက်ပြီးပါက ပြည်ဖုံး၊ တိုင်ဖုံး၊ နဖူးစည်းတပ်ဆင်ကြသည်။ LED ခေတ်ရောက်လာသဖြင့် ဇာတ်ခုံပေါ်ဝယ်လျှောက်လမ်းခင်းရသည့်အလုပ်သည်လည်းသက်သာလာသည်။

ပြည်ဖုံးကားဆိုသည်မှာ ဇာတ်စင်ရှေ့မှ ကတ္တီပါအနီစဖြစ်သည်။ ယခုအခါအရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးနှင့်ချုပ်လုပ်တပ်ဆင်နေကြပြီဖြစ်သည်ကို တွေ့ရသည်။ ပရိသတ်ဘက် အနီးဆုံးချိတ်ဆွဲထားသည့်ပင်မကားကြီးပင်ဖြစ်သည်ဟု စာရေးဆရာဗိုလ်ကျော်ဆန်းကဆိုသည်။

ပါမောက္ခဂျူနီပက်ထရစ်မိုဘလီ ရေးသားသည့် ဇာတ်ခုံ၊ ဇာတ်ရုံနှင့် ဇာတ်သဘင်ဝေါဟာရအဘိဓာန်စာအုပ်၌ ပြည်ဖုံးကားဟူသည် မျက်နှာတစ်ဖက်ပွင့်ဇာတ်ရုံများတွင် ပရိတ်သတ်များ၏ အမြင်မှစင်မြင့်ကိုပိတ်လိုက်သောအခါ အတွန့်အတွန့်များဖြင့်ချထားသောကန့်လန့်ကာဖြစ်သည်။ မြင်ကွင်းများ၊ သရုပ်ဆောင်မှုများ၊ ပြဇာတ်များတွင် အထက်နှင့်အောက် သို့လည်းကောင်း၊ စင်၏အလယ်နှင့်ဘေးသို့လည်းကောင်း အဖွင့်အပိတ်လုပ်နိုင်သည်။ ၎င်းပြည်ဖုံးကားမရှိသော ဇာတ်ရုံများတွင် စင်တစ်ခုလုံး၏မီးများကိုပိတ်ခြင်း၊ ဖွင့်ခြင်းပြုလုပ်၍ ပြည်ဖုံးကားသဘောအသုံးပြုကြသည်ဟုဖော်ပြထားသည်။

**❖ ခေတ်မီဇာတ်ခုံတွင် အများအားဖြင့်သုံးစွဲသောကခွင်ဧရိယာသည် ၄၈ ပေကျယ်၍ အနောက်ဘက် အထက်ကခွင်စွန်းသို့ ပေ ၅၀ ရှိတတ်ကြသည်။ ဘေးတစ်ဖက်တစ်ချက်စီ၌လည်း ၃၂ ပေစီ ခန်းဖွင့်ထုတ်ထားလေ့ရှိကြသည်။ ဘေးတစ်ဖက်တစ်ချက်စီမှ ဇာတ်ဝင်အခမ်းအနားဆက်တင်များကို အထုတ်၊ အသွင်းပြုလုပ်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ရာသီပွဲတော်အလိုက် တည်ဆောက်လာကြသည့်ဇာတ်ခုံများတွင် ကခွင်ဧရိယာကိုသာ ဦးတည်ကာတည်ဆောက်တတ်ကြသည်။ ❖**

ပြည်ဖုံးကားသည် ဇာတ်စင်၏အသက်ပင်ဖြစ်သည်။ ဇာတ်ရုံအတွင်းဝင်လိုက်သည်နှင့် ပြည်ဖုံးကား၏ ဆွဲဆောင်မှုက ပရိသတ်၏မျက်စိအာရုံကိုငေးမောမှင်တက်မိစေသည်။ ပြည်ဖုံးကားကိုတိုင်ဖုံး၊ နဖူးစည်းတို့ဖြင့် အနားသတ်ပေးထားပြန်သည်။ ပြည်ဖုံးကားသည် သာမန်ပန်းချီကားတစ်ချပ်ဖြစ်သည်ဆိုပါလျှင် တိုင်ဖုံး၊ နဖူးစည်းသည် ဘောင်ကွပ်ပေးလိုက်သော အလှဆင်သည့်ပြင်ဆင်မှုသာဖြစ်ပေသည်။

တိုင်ဖုံးဆိုသည်မှာ ဇာတ်စင်တည်ဆောက်ထားသည့်တိုင်ကို ပရိသတ်မမြင်စေလိုသည့်ဆန္ဒဖြင့် အကာအကွယ်သဘောပြုကာ အလှဆင်ထားသည့် ပိတ်စပိတ်သားကိုခေါ်သည်။ ဇာတ်စင်၏ဘေးတစ်ဖက်စီတွင်ရှိသည့် အမိုးကိုထောက်ထားသောတိုင်များကိုမမြင်ရအောင် ကာကွယ်တပ်ဆင်ထားသော ဒေါင်လိုက်ပိတ်ကားကန့်လန့်ကာများဖြစ်သည်။ ဇာတ်ခုံဘေးတိုင်များကိုဖုံးရန်သော်လည်းကောင်း၊ ဇာတ်ခုံအလှဆင်အနေဖြင့်လည်းကောင်း၊ ဖုံးကာထားသော သစ်သားဘောင်ခတ်ဆေးပန်းချီကားများကိုလည်း တိုင်ဖုံးဟုခေါ်သည်။ တစ်နည်းအားဖြင့် ဇာတ်စင်၏ဝဲယာအနားနှစ်ဖက်ကို အထက်အောက်ဘောင်ခတ် သတ်မှတ်ပေးထားသော ကန့်လန့်ကာပင်ဖြစ်သည်။

နဖူးစည်းဆိုသည်မှာ ဇာတ်စင်မဏ္ဍပ်၏အထက်ပိုင်းတွင် တပ်ဆင်ရသောအဆင်တန်ဆာပိတ်စတစ်မျိုးဖြစ်သည်။ တိုင်ဖုံး၊ နဖူးစည်းသည်ပြည်ဖုံးကားကို အနားသတ်ပေးထားသည့် နည်းတူဇာတ်စင်အတွင်းတပ်ဆင်ထားသောအခြားသော ပန်းချီကားများကိုလည်း အနားသတ်ဘောင်ခတ်ပေးထားသည်။ ထို့ကြောင့် တိုင်ဖုံး၊ နဖူးစည်းသည် ဇာတ်စင်ပေါ်တွင် ဇာတ်စင်၏အကျယ်အဝန်းအလိုက်သုံးစုံမှငါးစုံထိ တပ်ဆင်အလှဆင်ရသည်။ တိုင်ဖုံး၊ နဖူးစည်းတွဲလျက်တစ်စုံဟုခေါ်ဆိုကြသည်။ အတိုင်းအတာသည် ဇာတ်စင်ပေါ်တွင် မူတည်ချုပ်လုပ်ကြခြင်းဖြစ်သည်။ ပုံသေကားကျမှတ်ယူထားသည့်အတိုင်းအထွာလည်းရှိသည်။

ဘုရားပွဲ၊နယ်ပွဲဇာတ်ခုံများတွင် ဇာတ်ခုံ၏ဘေးဘီဝဲယာ၌ဇာတ်အဖွဲ့သားများနေထိုင်ရန် ခင်းကျင်းပြင်ဆင်တတ်ကြသည်။ ယာယီ Mobile ဇာတ်ခုံများဖြစ်သဖြင့်သင့်တော်သလို တည်ဆောက်ကြသည်။ ဘေးဘီဝဲယာရှိဇာတ်အဖွဲ့သားများလဲလျောင်းပုံကို ပြင်ပလူ၊ တစ်နည်းပရိသတ်များ မမြင်ရလေအောင် ဂဠုန်တောင်များဖြင့်အကာအကွယ်ပြုထားသည်။ ၎င်းကသတ္တဝါ၏တောင်ပံအမည်ကိုယူထားခြင်းဖြစ်သည်။ ကြီးမားသော ငှက်သတ္တဝါ၏တောင်ပံအောက်ဝယ်အကာအကွယ်အတွက် စိတ်ချလုံခြုံရသည်ဟုခံယူထားခြင်းပင်ဖြစ်သည်။ ကင်းဗတ်စဖုံးအုပ်ထားသောချပ်ပြားဖြစ်ပြီး ဆေးအနက်ရောင်သုတ်၍လည်းကောင်း၊ ရှေ့ခွင်ကားများနှင့်လိုက်ဖက်သော အရောင်ကိုသုံး၍လည်းကောင်း၊ ရှေ့ခွင်တိုင်ဖုံးဘေးတွင်ချိတ်ဆွဲထားသော ချပ်ပြားဖြစ်သည်ဟု ဖွင့်ဆိုသည်။ အသုံးပြုပစ္စည်းနှင့် အရောင်သာခြားနားသည်။ ရည်ရွယ်ချက်တူသည်။ ပြည်ဖုံးကားအရောင်နှင့် အနီးစပ်ဆုံးသုံးစွဲကြသည်။ ပြည်ဖုံးကားနှင့် အရောင်ကွဲပြားနေခြင်းသည် ပရိသတ်အမြင်ကို အနှောင့်အယှက်ပြုနိုင်သောကြောင့်ဟု တွေးကြသည်။

နောက်ခံ၌ မှန်ဆလိုက်ဖြင့်ရှုခင်းပုံထိုးပေးနေရာမှ လူမှုအဖွဲ့အစည်း၏ တီထွင်ဖန်တီးမှုကြောင့် နည်းပညာပိုင်းများတိုးတက်လာပြီး မှန်ဆလိုက်အစားယနေ့မြင်တွေ့နေရသည့် LED Screen များကို အစားထိုးသုံးစွဲလာကြခြင်းဖြစ်သည်။ LED Screen များအသုံးမပြုသေးမီကြားကာလ၌ Projector များကို ဦးစွာသုံးစွဲခဲ့ကြသေးသည်။ Projector များကို စာသင်ခန်းများ၊ အစည်းအဝေးခန်းများတွင်အသုံးပြုနေရာမှဖျော်ဖြေတင်ဆက်မှုများတွင် ထည့်သွင်းသုံးစွဲရန် စိတ်ကူးလာကြခြင်းဖြစ်သည်။ LED Screen ကို ဇာတ်ဝင်ခန်းအနေဖြင့်အသုံးပြုကြရာတွင် တင်ဆက်ကပြနေသူနှင့် LED Screen ပါနောက်ခံပုံတို့၏ အချိုးအစားမညီမျှမှုသည် ကပွဲကိုများစွာအနှောင့်အယှက်ပြုလေသည်။

အရိုးကို အရွက်မဖုံးသော နည်းလမ်းအရ နောက်ခံပန်းချီကားနှင့် LED တို့ကို ရောစပ်သုံးစွဲသင့်သည်။ တစ်ဖန် LED ၌ ဓာတ်ပုံသုံးခြင်းထက် ပန်းချီကိုသာရေးဆွဲဖော်ပြသင့်သည်။ မှန်ဆလိုက်ကဲ့သို့ပင်ရှိနေသည်ကို တွေ့မြင်ရသည်။ သို့အသုံးပြုပါက မြန်မာ့ရိုးရာပန်းချီဆရာတို့လည်း အလုပ်အကိုင်မပျက်ဆက်လက်ရှိနိုင်မည်ဖြစ်သည်။ LED ရောက်ရှိလာခြင်းကြောင့် မီးကျင်းတာဝန်တို့သည်လည်း ပျောက်ကွယ်သွားရသည်။ အင်အားချွေတာရာရောက်သဖြင့် LED ကို ကြိုဆိုရမည်ဖြစ်သည်။

တစ်ချိန်က LED နေရာတွင် ရှိနေခဲ့သော နောက်ခံပိတ်ဖြူစအဖြူကြီးသည် လွမ်းမောဖွယ်ကျန်ရစ်ခဲ့ပြီဖြစ်သည်။ ပိတ်ဖြူစ၏ အတိုင်းအတာသည် ဇာတ်စင်ပေါ်က ပန်းချီကားတစ်ချပ်၏ အတိုင်းအတာအတိုင်းပင်ဖြစ်သည်။ ၎င်းနောက်ခံ၌ မှန်ဆလိုက်ဖြင့်ရှုခင်းပုံထိုးပေးကြသည့် ဇာတ်ခုံလုပ်သားပန်းချီဆရာများ၊ မှန်ပုံးများသည် သဘင်ပြတိုက်၏ တစ်နေရာဝယ် အိပ်မောကျနေကြပြီဖြစ်သည်။ နောက်ခံကားအဖြူ၏ရှေ့တွင် မီးကျင်းရှိခဲ့သည်။ မီးကျင်းအတွင်းမှ ဇာတ်ခုံလုပ်သားတို့၏ လှုပ်ရှားမှုကိုဖုံးကွယ်သည့် သဘောလည်းပါသည့် လျှောက်လမ်းသည်လည်း ငုပ်လျှိုးခဲ့ပြီဖြစ်သည်။ လျှောက်လမ်းကို မြန်မာ့ဇာတ်သဘင်တင်ဆက်မှုဖြစ်သည့်ဇာတ်တော်ကြီးများ ကပြအသုံးတော်ခံသည့်ဇာတ်စင်၊ ဇာတ်ခုံတို့၌သာ အသုံးများသည်။ ဇာတ်သဘင်ဘာသာရပ်ပြိုင်ပွဲများဝယ် လျှောက်လမ်းကိုသုံးနေဆဲဖြစ်သည်။ လျှောက်လမ်းသည် ဇာတ်စင်၏အထက်ကခွင်တွင်ရှိသည်။ အမြင့် နှစ်ပေ၊ အကျယ် တစ်ပေခွဲရှိသည်။ ဇာတ်စင်ဝဲမှယာထိ ရှည်လျားစွာခင်းပေးထားသည်။လူလျှောက်နိုင်သည့် လမ်းသဖွယ်ပြုလုပ်ထားသောကြောင့် လျှောက်လမ်းဟုခေါ်ဆိုကြသည်။ နောက်ခံနံရံနှင့်လျှောက်လမ်းကြားသည် ရှစ်ပေ သို့မဟုတ် ၁၀ ပေကျယ်သော အကွာအဝေးသာရှိသည်။ လျှောက်လမ်းကိုလျှောက်လမ်းဒူးပိတ်ဟုခေါ်သည့် ပိတ်ပန်းချီစဖြင့်ထပ်မံအုပ်ထားသည်။

လျှောက်လမ်း၏သဘောသည် ဇာတ်ခုံအထက်ပိုင်းရှိရှုပ်ပွနေသောဆက်တင်ပစ္စည်းများ၊ မီးပစ္စည်းများကိုဖုံးကွယ်ပေးထားခြင်း သဘောလည်းပါဝင်သည်။ တစ်ဖန်ဇာတ်ဖြစ်ပွားမှုအချိန်နှင့် အရှိန်ကိုလည်း မှုတအောင် ဆောင်ကြဉ်းပေးသည်။ ဇာတ်ခုံ၏အနီးအဝေးရသကို ပံ့ပိုးပေးသည်။ လျှောက်လမ်း အထက်၊ နောက်ခံနံရံတွင် လှေသမ္ဗာန်စသည့် ဆက်တင်တို့ကို ရွှေ့လျားပေးစေသည်။ မျက်မှောက်ခေတ်ကို ဖော်ညွှန်းသည့်ပြဇာတ်တင်ဆက်ကပြရာဝယ် လျှောက်လမ်းကို လုံးဝအသုံးမပြုကြသည်ကိုလည်းသတိပြုမိသည်။ သို့ရာတွင် လျှောက်လမ်းသည်မြန်မာဇာတ်ကြီးအတွက် ဇာတ်ခုံ ရသကိုဖော်ဆောင်ရာဝယ် လိုအပ်လျက်ရှိဆဲပင်ဖြစ်သည်။

ဇာတ်စင်ကို ဤမျှလောက်အလှဆင်ရုံဖြင့် ကပွဲတစ်ပွဲကပြရန် လုံလောက်ပြီဖြစ်သည်။ ထိုမှာနောက်ဝယ် ဇာတ်စင်အထက်၌သုံးသည့်ပန်းချီကား၊ ဇာတ်စင်အလယ်၊ အောက်တို့၌သုံးသည့်ပန်းချီကားတို့ကိုစိစစ်ကာ တဖြည်းဖြည်းချင်းတပ်ဆင်သွားကြသည်။ ဇာတ်စင်ကိုအလှဆင်ကြသည့် ဇာတ်စင်အတတ်ပညာရှင်တို့၏ ပညာရပ်ဝန်းသည် မြန်မာ့ဇာတ်သဘင်ရေစီးကြောင်းဝယ် တိုးတက်ဖွံ့ဖြိုးနေခဲ့၊ နေဆဲ၊ နေဦးမည်သာဖြစ်ပါတော့သတည်း။

**ကိုးကား**

**- ဗိုလ်ကျော်ဆန်းရေးသားသော သဘင်သစ်။**

**- ၁၉၈၉၊ စာပေဗိမာန်။**

# Ceremony to honour students who passed the 2025 matriculation examination with distinctions in all subjects and highest marks subjective wise held; Vice Chairman of State Security and Peace Commission Vice-Senior General Soe Win presents awards


Vice-Senior General Soe Win greets distinction winners of 2025 matriculation examination.

**Nay Pyi Taw August 24**

A ceremony to honour students who passed the 2025 matriculation examination with distinctions in all subjects and highest marks subjective wise was held at Zeyathiri Villa here this morning. On behalf of Chairman of State Security and Peace Commission Senior General Min Aung Hlaing, SSPC Vice Chairman Vice-Senior General Soe Win presented awards.

Also present together with the Vice-Senior General were Commission member Prime Minister U Nyo Saw, Commission member Executive Chief U Aung Lin Dway, Commission Secretary Joint Executive Chief General Ye Win Oo, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, rectors, school heads, outstanding students and the parents and officials.

First, students entertained the Vice-Senior General and attendees with the song "Let's honour the distinction winners."

On behalf of the Senior General, the Vice-Senior General delivered an address. He said today's ceremony recognized and honoured the students who with wisdom, superior intelligence, perseverance, zeal, goal and constant efforts achieved success. But their success did not come easily. Since their childhood days, these students were eager to learn, and had confidence and firm determination, and in this way, they achieved their current success. In Myanmar tradition, honouring the persons with exceptional skills is a way to auspiciousness.

The nation will be developed with healthy, fit and brilliant youths, who need education and intelligence, and the State, on its part, is always honouring and supporting the outstanding youths. Hence the State-level prize-presentation was held for the second time in accord with the honorable tradition.

Wisdom is the intellectual capacity to know the right and wrong and the cause and benefits. The country will be able to build a force that can truly serve the national interest only if all citizens are smart.

As the Ministry of Education is taking the main responsibility of shaping the national education pillar, one of the pillars for sustainable development of the country, and educational staff are the civil servants serving the public interest from their relevant roles for all citizens to achieve academic knowledge and to acquire high-level education and to develop human resources. Their efforts are recognized as they are the persons trying to develop the country through education with loyalty, dutifulness and whole-heartedness, as a national task.

Education is important for every individual, and in addition, it plays the main role in developing the social environment and the country. High-level education is required in making correct choices and realizing the principles of democracy. Every person needs democratic wisdom, knowledge and vision. It is of vital importance for the nation to instill in youths a wider scope of intellectual knowledge, apart from technological knowledge.

It is common knowledge that although the country faced the terrible impact of the Mandalay earthquake, it could overcome all hardships, hindrances without any hesitation together with the harmonious participation of the people.

*See Page 13*



Vice-Senior General Soe Win presents honorary prize to a highest mark winner in science.



Vice-Senior General Soe Win presents honorary prize to a highest mark winner in science.



Vice-Senior General Soe Win presents honorary prize to a highest mark winner in science.



Prime Minister U Nyo Saw presents honorary prize to a highest mark winner in arts and science combination.



U Aung Lin Dway presents honorary prize to a student who won highest mark in arts.



General Ye Win Oo presents honorary prize to an all-distinction winner.

*From Page 12*

Moreover, efforts were made to continue the ongoing academic activities with goodwill amidst the many dangers and hardships after reopening schools and universities and to keep up the pace of education development undertakings. All those efforts will go down in the annals of history as honourable achievements.

As the country rose up from the terrible situation and showed its true colours, the matriculation examination pass rate exceeded 48.06 percent and 196 all-distinction winners emerged.

Each one of the all-distinction winners will be awarded with one-tical gold coin and every one of the 33 students who achieved highest marks in their respective subject-wise categories will be awarded with one-tical gold coin. The value of the effort, success and prestige of the award winners and the goodwill of the nation to honour the outstanding students outweigh that of the price of the awards many times. As in the previous year, programs are underway to arrange foreign visits for outstanding students who gained the highest marks subject wise.

He urged outstanding students to continue their success by correctly choosing higher education subjects they are passionate about and interested in, just as they worked hard with good habits during their basic education. He emphasized that by studying science, they can contribute to the nation's industrial and technological development. At the same time, by studying arts, they can protect, conserve, and promote Myanmar's traditions and culture while also participating in the nation's socio-economic development. He concluded by instructing them to value and study both arts and science subjects.

He stated that in this technological age, it is necessary to stay constantly updated on both the national and global landscape and to possess correct perspectives. From research-based studies, efforts must be made to develop the state's digital economic structure, which is the only way for the nation to keep pace with the world and not fall behind.

He also warned that as technology and social media use increase, unethical fake news and misinformation can cause incorrect ideas to seep in, and therefore, people must live with awareness, mindfulness, and wisdom. While youths must find positive ways to progress with modern trends, he stressed that it is also essential to conserve and protect Myanmar's traditional culture and customs, so they do not fade away.

He stated that for youths to be able to analyze, evaluate, and make decisions about everything happening in their surroundings, they must learn not only from school lessons and life experiences but also from reading books and literature. Therefore, he stressed that efforts must be made to make school libraries active and instructed youths to read many beneficial books. He also added that responsible officials must work to ensure that school libraries are filled with beneficial books and periodicals that are suitable for different ages and education levels.

The Vice-Senior General urged the outstanding students to first strive to improve themselves so they can be of benefit to themselves, others, and the nation. He instructed them to be respectful of their parents and teachers, and to live in a way that makes them well-behaved and good individuals. He also called on them to cultivate the fundamental good morals of their respective religions, as well as empathy and tolerance toward others. He concluded by seriously urging them to fairly practice both self-interest and the interest of others, and to strive to become excellent, glorious and good citizens of the nation and, from there, good citizens of the world.

Additionally, he instructed youths to especially avoid drugs, which are destroying their future. Citing the saying "Arogyam paramam labham," he emphasized that health is important for everyone and that engaging in physical exercise and sports is necessary to be strong and healthy enough to learn throughout life. He concluded by urging them to strive to live in a way that makes them youths complete with the "five strengths".

The Vice-Senior General stated that in line with the motto "National discipline begins at school," those who have successfully completed the KG+12 program have acquired good habits of discipline and systematic study and living over a 12-year period. He added that these habits will greatly contribute to their personal progress in life.

He stated that a person must be disciplined and respect and abide by the law, as discipline is essential for following the law. He explained that if one lacks discipline, they will break the law, but by respecting the rules and laws set by the state, they will be safe and become valuable, good citizens. He therefore expressed his desire for basic education schools to place special emphasis on teaching the law so that students can learn and remember it from a young age.

It is necessary for student youths to conserve patriotism and the love for the country and to appreciate the dignity of the nation and heredity and fine cultural traditions and historical reality. Responsible officials are urged to train to enable youths at the basic education schools to sing the national anthem and reset their mindset by understandingthe meaning of saluting the national flag and the essence of the national anthem.

Youths are urged to participate in the conservation of the natural environment as much as possible by cherishingforests and trees and conserving the natural environmentand ecosystem.

A multi-party general election will be held for the people soon. The election aspired by the people is indispensable for creating the new democratic nation. Therefore, the election is scheduled to be held starting from 28 December and power will be handed over to the upcoming government.

Therefore, preparations are being made to allow all eligible voters to cast their votes, to hold a free and fair election, to convene the dignified elections and Hluttawsas much as possible. People and ethnic people including eligible students are urged to cast their votes not to lose their suffrage. They should not give up their citizen rights to democratic transition.

Another factor is that there are individuals and organizations that are hampering the elections and they are disrupting the development of the country. It is necessary to prevent disruptions to the elections that is essential to building a democratic nation and for all the people to cooperate in prevention of such disruption. Therefore, ethnic people are urged to cooperate in successful holding the elections.

Education staff are required to establish a guarantee education system for quality, to try to nurture a large number of educated youths, to encourage outstanding youths to promote the image of the nation and to play a role a role in national development and safeguarding the nation by seriously considering them as the duty of all citizen by reviewing the education system.

Then, the Vice-Senior General presented prizes to honorary prizes to 13 highest marks winners in science individually.

Then, the prime minister presented 10 ten highest-mark winners in arts and science combination individually.

Afterward, the member of the commission Executive Chief U Aung Lin Dway presented honorary prizes to 10 students who won highest-mark in arts individually and member of the commission and Joint Executive Chief presented honorary prizes to 10 all-distinction winners individually.

Afterward, members of the commission union ministers, union-level officials, the chairman of Nay Pyi Taw Council and the governor of the Central Bank of Myanmar presented honorary prizes to all- distinction winners individually.

Then, an all-distinction winner spoke words of thanks on behalf of students who won prizes in the 2925 matriculation examination.

Afterward, students entertained the Vice-Senior General and attendees with “Outstanding Youth” musical sound performance and the song “Myanmar’s School”.

After the ceremony, the Vice-Senior General and party posed for documentary photographs with the 33 outstanding students in respective combinations.

Then, the Vice-Senior General and party enjoyed the honorary luncheon hosted for the outstanding students. During the luncheon, artists from the Fine Arts Department of the Ministry of Culture and Religious Affairs entertained the attendees with music. Then, the the Vice-Senior General and party greeted the outstanding students and their parents cordially. 100

# World-famous Gokteik Railway Bridge, with 125-year history, destroyed by TNLA terrorists with mine explosion


Photo record of TNLA terrorists planting and detonating mines to destroy the Gokteik Bridge.


Damage caused by TNLA terrorists planting and detonating mines to destroy the Gokteik Bridge.

**Nay Pyi Taw August 24**

The TNLA terrorist insurgents, unable to withstand the systematic and phased offensive operations of the Tatmadaw, fled in disarray. While retreating, they senselessly planted mines and destroyed the Gokteik Bridge, a prominent landmark of Myanmar unrelated to military affairs.

The Gokteik Bridge, located on the Mandalay-Lashio railway line, connects Nawnghkio Town and Kyaukme Town in Northern Shan State. Constructed in 1899 and completed in 1900, the bridge began operations in 1903. Spanning 2,260 feet in length and situated 1,100 feet above sea level, this 125-year-old railway bridge is a significant landmark. It is Myanmar's highest bridge and the second-highest railway bridge in the world, as well as the largest railway bridge globally. Renowned for its advanced engineering and scenic beauty, the bridge has been a famous attraction across generations, drawing numerous domestic and international tourists for sightseeing and study.

This iconic symbol of Myanmar has been preserved and maintained through successive governments and local communities, earning a place on lists of global wonders.

With the support of the local populace and intelligence gathered from the area, the Tatmadaw launched counter-offensive operations in stages to recapture Nawngkhio town, temporarily controlled by TNLA terrorist insurgents. As a result, on July 16, 2025, at approximately 12:00, the Tatmadaw successfully recaptured the entire town of Nawngkhio.

Due to a lack of support from the local population and an inability to resist the Tatmadaw columns' counter-offensives, the terrorist insurgents suffered heavy casualties and fled in disarray toward Kyaukme Township. While temporarily occupying areas along the Nawngkhio-Kyaukme road, including Gokteik Pass, the Gokteik Bridge on the Kyaukme side, and Naungpain village, they carried out terrorist activities. However, through the Tatmadaw's strenuous and tactically sophisticated operations, conducted via unexpected routes with great effort, Naungpain village was fully recaptured on August 23. During their retreat, the insurgents brutally burned and destroyed residential houses in the village before fleeing in disarray.

This morning, as the TNLA armed terrorist insurgents were retreating, they viciously planted mines and destroyed the Gokteik Bridge, a globally recognized marvel and a significant landmark of Myanmar. As a result, a 60-foot section of the bridge's steel structure between the abutment (AB-2) and pier (P-16) on the Kyaukme side was damaged.

The TNLA terrorists' deliberate destruction of this non-military, historic, and iconic national site through such a vile and reckless act is utterly unacceptable to the public, who strongly condemn it. Security forces are intensifying efforts to eradicate the insurgents, restore peace and stability, and ensure territorial security as needed.

100

# Syria delays parliamentary vote in 3 provinces due to security reasons

**Damascus August 24**

Syria's supreme committee for parliamentary elections announced Saturday the postponement of parliamentary elections, scheduled for September, in three provinces due to security challenges.

The committee said the elections in Sweida, Hasakah, and Raqqa will be deferred "until suitable conditions and a safe environment are available," stressing that the parliamentary seats allocated to the provinces will remain reserved until balloting can take place.

The decision underscores the challenges facing the interim authorities. Sweida has witnessed violent sectarian clashes in recent weeks, while Hasakah and Raqqa remain volatile due to the presence of rival armed groups and lingering security threats.

The committee also announced the formation of provincial oversight committees to supervise the upcoming vote, the first since the fall of Bashar al-Assad's government in late 2024.

The Syrian People's Assembly, a 250-seat legislature, has traditionally been dominated by pro-government blocs. The interim authorities claimed that the upcoming elections are meant to reflect a more inclusive and pluralistic political process.

Xinhua

# S. Korea's special counsel team seeks warrant to arrest former PM

**Seoul August 24**

South Korea's special counsel team investigating former President Yoon Suk-yeol's short-lived martial law imposition sought a warrant to arrest former Prime Minister Han Duck-soo on Sunday.

The special counsel team said in a news briefing that it filed the arrest warrant for Han on Sunday afternoon on charges including aiding the ringleader of insurrection, perjury, fabricating official documents, and damaging public files.

The special counsel team asserted that Han, as the then prime minister, had the responsibility to check the president's arbitrary exercise of power, but failed to prevent the illegal martial law and instead provided assistance.

The special counsel team also accused Han of attempting to cover up legal loopholes in the martial law documents by formulating and subsequently abolishing related documents after the martial law imposition.

The special counsel team charged Han with suspicion of perjury based on the fact that he previously stated at the Constitutional Court of Korea and the National Assembly that he knew nothing about the martial law documents.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက တိုက်လေယာဉ်အင်ဂျင်များ ထုတ်လုပ်ရန် ပြင်သစ်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်နေ




အိန္ဒိယနိုင်ငံသည် တိုက်လေယာဉ်အင်ဂျင်များ တီထွင်၊ ထုတ်လုပ်ရန် ပြင်သစ်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယကာကွယ်ရေးဝန်ကြီး Rajnath Singh က ပဉ္စမမျိုးဆက် Advanced Medium Combat Aircraft (AMCA) တိုက်လေယာဉ်ပုံစံငယ်ကို မေလအတွင်းက အတည်ပြုပေးခဲ့ပြီး ဤပူးပေါင်းဆောင်ရွက်မှုသည် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းကာကွယ်ရေးစွမ်းရည်များ အဆင့်မြှင့်တင်ရန်အတွက် အရေးပါသောတွန်းအားတစ်ရပ်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။ နယူးဒေလီမြို့တော်တွင် ကျင်းပခဲ့သော ညီလာခံတစ်ခုတွင်လည်း ကာကွယ်ရေးဝန်ကြီး Rajnath Singh က တိုက်လေယာဉ်အင်ဂျင်များ ပြည်တွင်း၌ တီထွင်၊ ထုတ်လုပ်မှုနှင့်ပတ်သက်၍ အသေးစိတ် ထပ်မံရှင်းလင်းပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံပိုင် သတင်းဌာနများ၏ ဖော်ပြချက်အရ ကာကွယ်ရေးဝန်ကြီးက အိန္ဒိယနိုင်ငံတွင်း၌ပင် လေယာဉ်အင်ဂျင်များ ထုတ်လုပ်နိုင်ရန် ရှေ့ဆက်လုပ်ဆောင်လျက်ရှိကြောင်းနှင့် ပြင်သစ်ကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အတည်ပြုပြောကြားခဲ့သော်လည်း ကုမ္ပဏီအမည်ကို တိတိကျကျ ထုတ်မပြောခဲ့ပေ။ သို့သော် အိန္ဒိယနိုင်ငံပိုင် သတင်းဌာနများသည် လေကြောင်းနှင့်အာကာသနယ်ပယ်တွင် ဆယ်စုနှစ်ပေါင်းများစွာ လုပ်ကိုင်နေသော Safran ကုမ္ပဏီဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လက်နက်တင်သွင်းမှုအများဆုံးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်ပြီး၊ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများထဲက တစ်နိုင်ငံဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း အမေရိကန်၊ သြစတြေးလျနိုင်ငံတို့ပါဝင်သည့် Quad မဟာမိတ်အဖွဲ့ အပါအဝင် အနောက်နိုင်ငံများနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမို နက်ရှိုင်းစွာ တည်ဆောက်လာခဲ့သည်။ ပြီးခဲ့သည့်ဧပြီလအတွင်း ပြင်သစ်နိုင်ငံ Dassault Aviation မှ Rafale တိုက်လေယာဉ် ၂၆ စီးဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာ တန်ကြေးရှိသော ဝယ်ယူရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အဆိုပါလေယာဉ်များသည် အိန္ဒိယနိုင်ငံ၏ ယခင်ပိုင်ဆိုင်ပြီးသား Rafale တိုက်လေယာဉ် ၃၆ စီးနှင့် ပူးပေါင်းအားဖြည့်သွားမည်ဖြစ်ပြီး လေယာဉ်တင်သင်္ဘောတွင် တင်ဆောင်အသုံးပြုနိုင်မည့် ရုရှားထုတ် MiG-29K တိုက်လေယာဉ်များနေရာတွင် အစားထိုးအသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

၂၀၃၃ ခုနှစ်မတိုင်မီ ပြည်တွင်းလက်နက်ထုတ်လုပ်မှုကို တွန်းအားပေးရန်အတွက် ပြည်တွင်း၌ စစ်လက်နက်ပစ္စည်း တီထွင်၊ ထုတ်လုပ်၊ ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အနည်းဆုံး အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ထိ အသုံးပြုသွားမည်ဟု ကာကွယ်ရေးဝန်ကြီး Rajnath Singh က ကတိပြုထားသည်။ ဆယ်စုနှစ်အတွင်း၌ပင် အိန္ဒိယနိုင်ငံသည် အကြီးစား ရဟတ်ယာဉ်စက်ရုံတစ်ခုကို ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ပြည်တွင်းထုတ် လေယာဉ်တင်သင်္ဘော၊ စစ်သင်္ဘောနှင့် ရေငုပ်သင်္ဘောများကို ပထမဆုံးအကြိမ်ရေချနိုင်ခဲ့ပြီး အသံထက်မြန်သော ဟိုက်ပါဆောနစ် ဒုံးကျည်စမ်းသပ်မှု တစ်ရပ်ကိုလည်း အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် နိုင်ငံတကာလုံခြုံရေးအခင်းအကျင်းနှင့် ခြိမ်းခြောက်လာနိုင်မှုများအပေါ် စောင့်ကြည့်နေပြီး အထူးသဖြင့် ပါကစ္စတန်ကို သတိကြီးစွာထားနေသည့် နိုင်ငံလည်းဖြစ်ကြောင်း သိရသည်။

**India to Develop Fighter Jet Engines With French Company** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်ကြည်းတပ်က မောင်းသူမဲ့မြေပြင်သွားယာဉ် ကနဦးပုံစံသစ်အတွက် အချက်အလက်တောင်းခံစာထုတ်ပြန်

အမေရိကန်ကြည်းတပ်သည် Unmanned Ground Commercial Robotic Vehicle (UGCRV)ဟုအမည်ပေးထားသည့် မောင်းသူမဲ့မြေပြင်သွားယာဉ် ကနဦးပုံစံသစ်အတွက် အချက်အလက်တောင်းခံစာကို ထုတ်ပြန်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤ UGCRV ယာဉ်သည် သံချပ်ကာတပ် မဟာတိုက်ခိုက်ရေးအဖွဲ့များကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ထားပြီး အမေရိကန်နိုင်ငံ Breaking Defense သတင်းဌာန၏ ဖော်ပြချက်အရ ဤမောင်းသူမဲ့မြေပြင်သွားယာဉ်သည် ပေါင် ၂၂၀၀ ထက်မနည်း သယ်ဆောင်နိုင်ရမည်၊ ကတ္တရာလမ်းများနှင့် လမ်းကြမ်းများပေါ်တွင် မောင်းနှင်နိုင်ရမည်၊ ထို့ပြင် ခြေလျင်စစ်သည်များနှင့် ဟန်ချက်ညီစွာ လိုက်ပါတာဝန်ထမ်းဆောင်နိုင်ရမည်ဟု ဖော်ပြပါရှိသည်။

ဤမောင်းသူမဲ့မြေပြင်သွားယာဉ်ကို တပ်ဖွဲ့ဝင်များက အဝေးမှထိန်းချုပ်နိုင်ရမည့်အပြင်၊ တပ်ဖွဲ့ဝင်များကို နောက်ယောင်ခံလိုက်ခြင်း၊ ဧရိယာတစ်ခုကို စောင့်ကြပ်ခြင်း သို့မဟုတ် နေရာတစ်ခုမှ တစ်ခုသို့ရွှေ့လျားခြင်း စသည့်တာဝန်များကို အလိုအလျောက် လုပ်ဆောင်နိုင်ရမည်ဖြစ်ပြီး ထပ်ဆောင်းထည့်သွင်းမည့်ပစ္စည်းကိရိယာများသည် တာဝန်ထမ်းဆောင်မှုစွမ်းဆောင်ရည်အပေါ် မထိခိုက်စေရဟုလည်း တောင်းခံစာတွင် ဖော်ပြထားသည်။

ဤစီမံကိန်းအတွက် UGCRV တစ်စီးလျှင် အမေရိကန်ဒေါ်လာ ၆၅၀၀၀၀ ထိ သတ်မှတ်ထားပြီး၊ ကြည်းတပ်၏ ကန်ထရိုက်စာချုပ်ဌာန ဒက်ထရွိုက်လက်နက်တိုက်က အမျိုးသားအဆင့် အဆင့်မြင့်လှုပ်ရှားစစ်ကစားမှု အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ ကုမ္ပဏီများထံမှ ကနဦးအချက်အလက်တင်ပြလွှာများကို ယခုလအတွင်း နောက်ဆုံးထား တင်သွင်းရမည်ဟု ထုတ်ပြန်ထားကြောင်း သိရသည်။

UGCRV မောင်းသူမဲ့မြေပြင်သွားယာဉ်ကို ကုန်ကျစရိတ်သက်သာခြင်း၊ ဈေးကွက်တွင် လျင်မြန်စွာဝယ်ယူရရှိနိုင်ခြင်းနှင့် ဆန်းသစ်တီထွင်မှုများ ထည့်သွင်းသုံး ထားခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ထည့်သွင်းထားခြင်းသည် စစ်ဘက်အတွက် အထူးပြုတည်ဆောက်ထားခြင်းမရှိဘဲ၊ အရပ်ဘက်ဈေးကွက်တွင် အလွယ်တကူရရှိနေသော နည်းပညာများကို စစ်ဘက်အတွက် ပြန်လည်အသုံးပြုခြင်းကို ရည်ညွှန်းခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါစီမံကိန်းသည် သက်တမ်းကြာမြင့်နေပြီဖြစ်သော သံချပ်ကာယာဉ်ဟောင်းများကို စနစ်သစ်များဖြင့် အစားထိုးရန်အတွက် မျိုးဆက်သစ်တိုက်ခိုက်ရေးယာဉ် မူဘောင်အောက်တွင် ၂၀၁၉ ခုနှစ်မှစတင်ခဲ့သော အမေရိကန်ကြည်းတပ်၏ Robotic Combat Vehicle (RCV) အစီအစဉ်အပေါ် အခြေခံထားခြင်းဖြစ်သည်။ မူလက အမေရိကန်ကြည်းတပ်သည် လေကြောင်းချီသယ်ယူပို့ဆောင်နိုင်ပြီး အလေးချိန် ၁၀ တန်မှ တန် ၃၀ ထိရှိသော အပေါ့စား၊ အလတ်စားနှင့် အကြီးစား RCV တိုက်ခိုက်ရေးယာဉ်အမျိုးအစားများကို အသုံးပြုရန် စီစဉ်ခဲ့ကြောင်း သိရသည်။

**US Army Seeks Ground Drone Prototype for Brigade-Level Support** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက “ဂုဏ်ထူးရှင်တို့ဂုဏ်ပြုစို့” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌကိုယ်စား ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပညာအရာတွင် ထူးချွန်ထက်မြက်သူ၊ အများထက်သာလွန်သည့် ဉာဏ်ပညာရှိသူ၊ ဖွဲ့၊ လုံ့လ၊ ဝီရိယများနှင့် ရည်မှန်းချက်ထားပြီး တစိုက်မတ်မတ်ကြိုးစားအားထုတ် အောင်မြင်ကြသူများကို အသိအမှတ်ပြုပြီး ဂုဏ်ပြုဆုအပ်နှင်းချီးမြှင့်သည့် အခမ်းအနားပင်ဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်မှုများရရှိခြင်းသည် လွယ်လွယ်ကူကူနှင့်ရခဲ့ခြင်းမဟုတ်ဘဲ ငယ်စဉ်ကတည်းက ပညာကို ကြိုးစားသင်ယူလိုစိတ်များ စိမ့်ဝင်စွဲမြဲခဲ့ပြီး ခိုင်မာတည်ကြည်သည့်စိတ်ဓာတ်နှင့် ရည်မှန်းချက်ပန်းတိုင်ကို မရရအောင် သန္နိဋ္ဌာန်ချ အရောက်လှမ်းရယူနိုင်ခဲ့၍သာ ရရှိခြင်းဖြစ်ကြောင်း၊ ထိုသို့ထူးခြားသည့် ဝိသေသရှိသူများကို ဂုဏ်ပြုချီးမြှောက်ခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာအရ မင်္ဂလာတစ်ပါးလည်းဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးရန်အတွက် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် **“လူငယ်တွေရဲ့အား”**နှင့်တည်ဆောက်မှ ရနိုင်မည်ဖြစ်ကြောင်း၊ လူငယ်များသည် အသိဉာဏ်ပညာပြည့်ဝသည့် ပညာတတ်များဖြစ်ရန်လိုအပ်သလို နိုင်ငံတော်အနေဖြင့်လည်း ထူးချွန်ထက်မြက်သည့် ပညာတတ်လူငယ်များကို အစဉ်ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အဆင့်ဆုချီးမြှင့်ခြင်းကို အစဉ်အလာကောင်းတစ်ရပ်အနေဖြင့် ယခုကဲ့သို့ ဒုတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း။

**“ပညာ”**ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ်ဝေဖန်ပိုင်းခြားနိုင်သည့်**“အသိဉာဏ်”**ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း အသိဉာဏ်ပညာပြည့်စုံကြမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် စစ်မှန်သည့် အင်အားတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် စဉ်ဆက်မပြတ်တိုးတက်ခိုင်မာစေရန် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် **“အမျိုးသားပညာရေးကဏ္ဍ”**ကို ပညာရေးဝန်ကြီးဌာနက တာဝန်ယူပံ့ပိုးဖော်ပေးနေသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း နိုင်ငံသားတိုင်း ပညာအလင်းရရှိစေရန်၊ ပညာရည်မြင့်မားစေရန်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ကျရာကဏ္ဍမှ ပြည်သူ့အကျိုးကိုသယ်ပိုးနေသည့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြောင်း၊ တစ်နည်းဆိုပါက ပညာရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို **“အမျိုးသားရေးတာဝန်တစ်ရပ်”**အနေဖြင့် သစ္စာရှိရှိ၊ တာဝန်ကျေကျေ ဦးလည်မသုန်ထမ်းဆောင်

**ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျ၊ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ရွေးချယ်မှုနှင့် ဒီမိုကရေစီသဘောတရားများ လက်တွေ့အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှုမြင့်မားရန်လို၊ ထို့ကြောင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီး . . .**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိသူတစ်ဦးဖြစ်သည့် မသက်မှူးဝေဇင်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

နေကြခြင်းဖြစ်၍ ပညာရေးဝန်ထမ်းများကိုလည်း အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပညာရေးသည် တစ်ဦးတစ်ယောက်ချင်းအတွက် အရေးကြီးရုံသာမက လူ့ပတ်ဝန်းကျင်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကကျကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ရွေးချယ်မှုနှင့် ဒီမိုကရေစီသဘောတရားများ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ပညာတတ်မြောက်မှု မြင့်မားရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်နှင့် ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်ရှိကြရန်လိုကြောင်း၊ ထို့ကြောင့်လူငယ်များအတွက် အတတ်ပညာသာမက အသိပညာဗဟုသုတပြည့်ဝရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ယခုနှစ်တွင် အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီး၏ ဆိုးရွားသည့် ရိုက်ခတ်မှုဒဏ်ကို ခံစားခဲ့ရသော်လည်း နိုင်ငံတော်နှင့် ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းလုပ်ဆောင်မှုများဖြင့် အခက်အခဲများ၊ အဟန့်အတားများကို တုံ့ဆိုင်းမှုမရှိ ကျော်လွှားနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ပြင် တက္ကသိုလ်များ၊ ကျောင်းများကို အခက်အခဲများကြားမှ အတတ်နိုင်ဆုံး မရပ်မနား ပုံမှန်ဖြစ်အောင်ဖွင့်လှစ်ပြီး အန္တရာယ်များကြားက စိတ်ကောင်းစေတနာများဖြင့် သင်ကြားရေး အဆက်မပြတ်အောင် ကြိုးစားဆောင်ရွက်ခဲ့ခြင်းများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းများသည် ပညာရေးသမိုင်းတွင် မှတ်တမ်းကောင်းတစ်ခုအဖြစ် ဂုဏ်ယူရမည်ဖြစ်ကြောင်း။

ထိုသို့အခက်အခဲများကြားက ရုန်းထပြီး စစ်မှန်သည့်အရည်အသွေးနှင့် အရည်အချင်းကို ထုတ်ဖော်ပြနိုင်ခဲ့သည့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းသည် ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိခဲ့ပြီး ဘာသာစုံ





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသူတစ်ဦးဖြစ်သည့် မအေးချမ်းသူအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသည့် မောင်မင်းကြွယ်စင်သန့်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မောင်မင်းကြယ်စင်သန့် အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မခင်ပပကျော်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မအိနဒီကျော်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် မလှမျိုးခင်အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

ဂုဏ်ထူးရှင် ၁၉၆ ဦးထိ ပေါ်ထွက်လာခဲ့ကြောင်း။

ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင်များကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြား၊ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးကို ရွှေစင်တစ်ကျပ်သားဒင်္ဂါးပြားများ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဆုတန်ဖိုးပမာဏထက် ဆုရရှိသူများ၏ ကြိုးစားမှု၊ အောင်မြင်မှုဂုဏ်ဒြပ်နှင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍနှင့် ထူးချွန်ထက်မြက်သည့်လူငယ်များကို ဂုဏ်ပြုချီးမြှောက်လိုသည့်ဆန္ဒက အဆမတန်သာလွန်နေသည်ဆိုသည်ကို ပြောကြားလိုကြောင်း၊ ထို့ပြင် ယမန်နှစ်ကကဲ့သို့ ဘာသာတွဲအလိုက် အမှတ်အများဆုံးရရှိခဲ့ကြသည့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ပြည်ပလေ့လာရေးခရီးစဉ်များ စေလွှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ထူးချွန်မောင်မယ်များအနေဖြင့် အခြေခံပညာသင်ယူစဉ်တွင် အလေ့အကျင့်ကောင်းများနှင့် အစွမ်းကုန်ကြိုးစားခဲ့ကြသလို အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူရာတွင်လည်း မိမိတို့ဝါသနာပါသည့်၊ စိတ်ဝင်စားသည့်ပညာရပ်များကို မှန်မှန်ကန်ကန်ရွေးချယ်ပြီး အောင်မြင်မှုများကို ဆက်လဝက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုကြောင်း၊ အဆင့်မြင့်ပညာသင်ယူသည့်အခါတွင် သိပ္ပံဘာသာရပ်များကို လေ့လာသင်ယူမည်ဆိုပါက နိုင်ငံ၏ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ ဝိဇ္ဇာဘာသာရပ်များကို လေ့လာသင်ယူခြင်းအားဖြင့်လည်း မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ကာကွယ်ထိန်းသိမ်းမြှင့်တင်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် နှစ်ခုစလုံးကို တန်ဖိုးထားလေ့လာကြရန် မှာကြားလိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံ့အခင်းအကျင်းသာမက ကမ္ဘာ့အခင်းအကျင်းကိုပါ မျက်ခြည်မပြတ်လေ့လာနေရန်၊ မှန်ကန်သည့်အတွေးအမြင်များရှိရန်လိုအပ်ကြောင်း၊ သုတေသန အခြေပြုလေ့လာမှုများကတစ်ဆင့် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေး အဆောက်အအုံဖွံ့ဖြိုးလာစေရေး ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိနိုင်ငံသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်မှာဖြစ်ကြောင်း။


ယနေ့ကမ္ဘာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူမှုကွန်ရက်နှင့် မီဒီယာများ အသုံးပြုမှုများပြားလာကြောင်း၊ ထိုအထဲတွင် ကျင့်ဝတ်မဲ့ သတင်းတုသတင်းမှားများနှင့် လုပ်ကြံသတင်းများက လွဲမှားသည့်အတွေးအခေါ်၊ အယူအဆများ စိမ့်ဝင်လာနိုင်သည်ကို အသိ၊ သတိ၊ ဉာဏ်ပညာဖြင့် ဆင်ခြင်နေထိုင်ကြရန်လိုကြောင်း၊ လူငယ်များအနေဖြင့် ခေတ်ရေစီးကြောင်းအလိုက် ကောင်းမွန်သည့် တိုးတက်မှုနည်းလမ်းများကို ရှာဖွေရမည်ဖြစ်သကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ မေးမှိန်ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြပါဟု မှာကြားလိုကြောင်း။

**လူငယ်များအနေဖြင့် မိမိပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသည့် အရာအားလုံးကို ဉာဏ်ပညာနှင့် ဆန်းစစ်၊ သုံးသပ်၊ ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အတွက် ကျောင်းသင်ခန်းစာများ၊ ဘဝအတွေ့အကြုံများကနေ သင်ယူနိုင်သည့်အပြင် စာအုပ်စာပေဖတ်ရှုခြင်းကတစ်ဆင့်လည်း လေ့လာသင်ယူကြရမည်ဖြစ်ကြောင်း၊** ထို့ကြောင့် ကျောင်းများတွင် စာကြည့်တိုက်များ သက်ဝင်လှုပ်ရှားရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ လူငယ်များအနေဖြင့်လည်း အကျိုးရှိသည့်စာအုပ်စာပေများကို များများဖတ်ရှုကြရန် အလေးအနက်ထားပြီး မှာကြားလိုကြောင်း၊ ကျောင်းစာကြည့်တိုက်များတွင် အသက်အရွယ်နှင့် ပညာအဆင့်အလိုက် လေ့လာသင့်ပြီး အကျိုးရှိသည့် စာအုပ်စာစောင်များရှိအောင် ဖြည့်ဆည်းပေးရန်ကိုလည်း တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

ထူးချွန်မောင်မယ်များ အနေဖြင့် မိမိအကျိုး၊ အများအကျိုးနှင့် နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့်သူဖြစ်ရန် ပထမဦးစွာ မိမိကိုယ်မိမိ ကောင်းမွန်အောင် ကြိုးစားကြရန်လိုအပ်ကြောင်း၊ မိဘ၊ ဆရာသမားတို့ကို ရိုသေလေးစားပြီး ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့သည့် လူတော်၊ လူကောင်း၊ လူလိမ္မာများဖြစ်အောင် ကျင့်ကြံနေထိုင်ကြရန်၊ မိမိတို့ကိုးကွယ်သည့် ဘာသာတရား၏ အဆုံးအမနှင့် တစ်ပါးသူအပေါ် ကိုယ်ချင်းစာတရား၊ သည်းခံခွင့်လွှတ်ခြင်းဆိုသည့် အခြေခံစိတ်ဓာတ်ကောင်းကို မွေးမြူကြရန်၊ အတ္တနှင့်ပရ အကျိုးနှစ်ဝကို မျှမျှတတ လက်ခံကျင့်သုံးကာ ဘက်ပေါင်းစုံတွင် ထူးချွန်ထက်မြက်ပြီး ဂုဏ်ကျက်သရေတင့်တယ်သည့် နိုင်ငံ့သားကောင်းများအဖြစ်မှသည် ကမ္ဘာ့သားကောင်းများဖြစ်အောင် ကြိုးစားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။ **စာမျက်နှာ ၁၈ သို့**




၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ထို့ပြင် ယနေ့အချိန်တွင် လူငယ်များ၏ အနာဂတ်ကို ဖျက်ဆီးနေသည့် မူးယစ်ဆေးဝါးကို အထူးရှောင်ကြဉ်ကြရန် မှာကြားလိုကြောင်း၊ **"အာရောဂျံပရမံလာဘံ"** ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အရေးကြီးကြောင်း၊ ကျန်းမာသန်စွမ်းပြီး ပညာကို ဘဝတစ်လျှောက် သင်ယူနိုင်ရန် ကိုယ်လက်လှုပ်ရှားအားကစားကို လေ့လာလိုက်စားကြရန် လိုကြောင်း၊ ထို့ကြောင့် **"ဗလငါးတန်"**နှင့် ပြည့်စုံသည့် လူငယ်များဖြစ်အောင် ကြိုးစားပြီး ကျင့်ကြံနေထိုင်ကြရန် မှာကြားလိုကြောင်း။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့် ဆောင်ပုဒ်အတိုင်း KG+12 ပြီးမြောက်အောင်မြင်ခဲ့ကြသူများဖြစ်၍ ၁၂ နှစ်တာကာလ စည်းကမ်းစနစ်တကျနှင့် လေ့လာနေထိုင် ကြိုးစားအားထုတ်သည့် အလေ့အကျင့်ကောင်းများ ရကြသူများဖြစ်ကြပြီး အဆိုပါအလေ့အကျင့်သည် မိမိဘဝတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

လူရယ်လို့ ဖြစ်လာပါက စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန် လိုကြောင်း၊ စည်းကမ်းရှိမှသာ ဥပဒေကို လေးစား လိုက်နာမည်ဖြစ်ကြောင်း၊ စည်းကမ်းမရှိက ဥပဒေကိုဖောက်ဖျက်မိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ဥပဒေများကို လေးစားလိုက်နာမှသာ ဘေးအန္တရာယ်ကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည့် အကြောင်းအရာများကို ငယ်စဉ်ကတည်းက သိရှိစွဲမြဲနိုင်အောင် အခြေခံပညာကျောင်းများတွင် အလေးထားသင်ကြားပေးစေလိုကြောင်း။

ကျောင်းသားလူငယ်များသည် မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မိမိတို့နိုင်ငံ၏ ကောင်းမြတ်သည့် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ သမိုင်းကြောင်းများကို လေးစားတန်ဖိုးထားတတ်ရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် နိုင်ငံတော်အလံ အလေးပြုခြင်း၏အဓိပ္ပာယ်နှင့် နိုင်ငံတော်သီချင်း၏အနှစ်သာရကို ကောင်းစွာသိရှိပြီး စနစ်တကျသီဆိုတတ်အောင် လေ့ကျင့်သင်ကြားပေးခြင်း အပါအဝင် လူငယ်များ၏စိတ်ကိုပါ ပြုပြင်ပေးကြရန်လိုကြောင်း။

လူငယ်များအနေဖြင့် သစ်တောသစ်ပင်များကို ချစ်မြတ်နိုးပြီး ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းကြရန်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် တတ်အားသရွေ့ ပါဝင်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်နှင့် ပြည်သူများအတွက် မကြာမီတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ကြောင်း၊ **ပြည်သူများမျှော်လင့်နေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်မည်ဆိုပါက ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊** ထို့ကြောင့်လည်း **မိမိတို့အနေဖြင့် ရွေးကောက်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်ကစပြီး ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးပါက ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံ့တာဝန် လွှဲပေးသွားမည်ဖြစ်ကြောင်း။**

ထို့ကြောင့် **မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရန်၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်ရန်၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် လွှတ်တော်များဖြစ်စေရေး တတ်နိုင်သမျှပြည့်စုံအောင် ကြိုတင်စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အသက်ပြည့်မီသည့် ကျောင်းသား၊ ကျောင်းသူများအပါအဝင် မိဘပြည်သူများ၊ တိုင်းရင်းသားပြည်သူများ အားလုံးအနေဖြင့် ရွေးကောက်ပွဲ၏အခြေအနေနှင့် အနှစ်သာရကို သိရှိကြပြီး မဲပေးခွင့်ရှိသူများ၏ အခွင့်အရေး မဆုံးရှုံးရအောင် ဆန္ဒမဲပေးကြရန် မှာကြားလိုကြောင်း၊** နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ကူးပြောင်းရေးတွင် နိုင်ငံသားတစ်ယောက် ရသင့်သည့်အခွင့်အရေး လက်လွှတ်မခံသင့်ကြောင်းကို ပြောကြားလိုကြောင်း။

နောက်တစ်ချက်အနေဖြင့် ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးလုပ်နေသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များလည်းရှိနေကြောင်း၊ ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဖျက်ဆီး ဟန့်တားခြင်းပင်ဖြစ်ကြောင်း၊ **ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရန် အဓိကဖြစ်သည့် ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် အဖျက်အမှောင့်လုပ်ရပ်များကို ထိန်းသိမ်းကာကွယ်သွားကြရန်၊ ပြည်သူအားလုံးပါဝင်ရန်နှင့် ပူးပေါင်းရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြ**ရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

ပညာရေးဝန်ထမ်းများအနေဖြင့် လက်ရှိပညာရေးစနစ်ကို ပြန်လည်လေ့လာသုံးသပ်ပြီး အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ်ထူထောင်နိုင်ရန်နှင့် နိုင်ငံကို အကျိုးပြုနိုင်သည့် ပညာတတ်လူငယ်အရေအတွက် များစွာပေါ်ထွက်လာအောင် ကြိုးစားဆောင်ရွက်ကြရန်၊ ထူးချွန်မောင်မယ်များအနေဖြင့် နိုင်ငံ့ပုံရိပ်ကို ပညာဖြင့်မြှင့်တင်ပေးနိုင်အောင် ဆက်လက်ကြိုးစားသွားကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်းကို လေးလေးနက်နက်ခံယူပြီး တိုင်းပြည်တည်ဆောက်ရေးတွင် ကျရာအခန်းကဏ္ဍကနေ တစ်တပ်တစ်အားပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက သိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ၁၃ဦးကို တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ဝိပ္ပံဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံး ရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကို တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဝိဇ္ဇာဘာသာတွဲတွင် မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကိုလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဘာသာစုံဂုဏ်ထူးရရှိသည့် ကျောင်းသား၊ ကျောင်းသူ၁၀ ဦး ကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ဘာသာစုံဂုဏ်ထူးရှင်ကျောင်းသား၊ ကျောင်းသူများကို တစ်ဦးချင်းဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသား တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက **"လူချွန်လူကောင်း"** တေးသရုပ်ဖော် တင်ဆက်မှုဖြင့်လည်းကောင်း၊ **"မြန်မာ့ကျောင်း"** တေးသီချင်းကို သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကို လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများကို လိုက်လံနှုတ်ဆက်စဉ်။

# ကယားပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များက အားပေးနှုတ်ဆက်



**လွိုင်ကော် ဩဂုတ် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အနုပညာရှင်များသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ သွားရောက်၍ ဒေသတည်ငြိမ်အေးချမ်းမှု အခြေအနေများကို ကြည့်ရှုပြီး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများကို တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အနုပညာရှင်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ဟဲဟိုးမြို့မှ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ဆက်လက်ထွက်ခွာရာ လွိုင်ကော်မြို့အဝင်၌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကယားပြည်နယ်ဝန်ကြီးချုပ်တို့သည် အနုပညာရှင်များနှင့်အတူ လွိုင်ကော်မြို့ရှိ တန်ခိုးကြီးတောင်ကွဲစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လွိုင်ကော်ခရိုင်ရုံး၌ ဝန်ထမ်းများကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်သည် ။

ညပိုင်းတွင် အနုပညာရှင်များဖြစ်သည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ ဒိန်းဒေါင်၊ အုန်းသီး၊ ငြိမ်းချမ်း၊ ယဉ်လတ်၊ သဉ္ဇာမြင့်မိုရ်၊ နေခြည်ငြိမ်းချမ်းနှင့် အနုပညာရှင်များက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများကို တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် အနုပညာရှင်များကို ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုပန်းခြင်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒသိရီ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိတ်သတ်များက မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။



တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်( ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား စစ်ရေးချုပ်က ဦးဆောင်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီး ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို တပ်မတော်အရာရှိကြီး တစ်ဦးက ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်ကုန်းမြို့ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒသိရီထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

နေပြည်တော် တပ်ကုန်းမြို့နယ် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာတို့အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၃၂၅ သိန်း ရှစ်သောင်း ရှစ်ထောင်၊ ဆန် ၅၇၂ အိတ်၊ ဆီ ၂၆၅ ပိဿာ ၆၀ ကျပ်သား၊ ဆား ၁၆၅၆ ပိဿာ၊ ပဲ ၁၆၅၆ ပိဿာ၊ ဆေးမျိုးစုံ ၉၃၆ ဘူးနှင့် နိုင်ငံခြားဆေးမျိုးစုံ တစ်ခြင်းတို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၄

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။


ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။


စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca. gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း ကဂျိကိ (Kajiki) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဩဂုတ် ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရေကြီးရေလျှံ ရေကန်ဖြင့်ထိန်း

ကျော်ဦး

များမကြာလှသောအချိန်အထိ ကမ္ဘာတွင်ကျေးလက်လူဦးရေက မြို့နေလူဦးရေထက်များနေသေးသော်လည်း ယခုအခါ မြို့နေလူဦးရေသည် ကျေးလက်လူဦးရေထက်ကျော်လွန်သွားပြီဖြစ်သည်။ တသဲသဲဝင်လာနေသောလူတို့အတွက် နိုင်ငံအတော်များများတွင် မြို့ပြအကွက်အကွင်းများကို လျင်မြန်လှသောအရှိန်အဟုန်ဖြင့် ချဲ့ထွင်နေကြရသည်။ အသစ်အသစ်သောအဆောက်အအုံများသာမက မြို့ပြအင်္ဂါရပ်များဖြစ်ကြသည့် ကွန်ကရစ်နှင့် ကတ္တရာပြင်များ၊ လမ်းများသည်လည်း နေ့ချင်းညချင်း ဟိုမှသည်မှပေါ်ထွက်လာနေသည်။

ကွန်ကရစ်နှင့် ကတ္တရာပြင်များ၊ လမ်းများကြောင့် သွားလာပို့ဆောင်ရေးတွင် အကျိုးရှိသည်မှာမှန်သော်လည်း မိုးရေများ မြေအောက်စီးဝင်နေမှုကို ပိတ်ဆို့လိုက်သည့် ဘေးထွက်ဆိုးကျိုးက ရှိနေသည်။ မြေကြီးထဲစိမ့်ဝင်၍ မရသောအခါ မိုးရေများသည် မျက်နှာပြင်ပေါ်မှတစ်ဆင့် မြောင်းများ၊ ချောင်းများထဲ စီးဆင်းကြသည်။ မြောင်းများ၊ ချောင်းများက ယခင်ကထက် ထုထည်များပြားသောမိုးရေများကို နုတ်သိမ်း၍ မနိုင်သောအခါ လျှံတက်လာသဖြင့် ကမ္ဘာ့မြို့ကြီးအများအပြားတွင် ဖြေရှင်းရမလွယ်သော ပြဿနာတစ်ခုဖြစ်လာသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ နှစ်စဉ်ကြုံတွေ့နေရသော ရေကြီး၊ ရေလျှံမှုများကို ဖြေရှင်းရန်စဉ်းစားသောအခါ ရှိပြီးရေမြောင်းနှင့်ရေထုတ်စနစ်များကို ချဲ့ထွင်ခြင်းသည် ကုန်ကျစရိတ်များသည့်အပြင် နေရာအခက်အခဲလည်းရှိသဖြင့် ပညာရှင်တို့သည် မိုးရေတို့ကို မြောင်းထဲသို့ တိုက်ရိုက်မဝင်စေဘဲ ရွာကျလာသည့်နေရာတွင်ပင် ယာယီထိန်းသိမ်းသိုလှောင်ထားပြီး မိုးတိတ်သောအခါမှ ဖြည်းဖြည်းချင်းပြန်ထုတ်၍ ရေကြီးမှုကိုလျှော့ပါးစေရန် စီစဉ်ခဲ့သည်။ သိုလှောင်ထားသော မိုးရေများကို အဆင့်ဆင့်သန့်စင်ပြီး သောက်ရေအဖြစ်သုံးနိုင်လျှင် သုံးရန် သို့မဟုတ် သာမန်ရေစစ်နည်းဖြင့် စစ်ထုတ်ပြီး အိမ်သာနှင့်လမ်းများကို သန့်ရှင်းဆေးကြောခြင်း၊ ပန်းပင်ရေလောင်းခြင်း စသည့်ကိစ္စများတွင်သုံးရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ရေကြီးမှုအန္တရာယ်ကို သိသာစွာလျှော့ချနိုင်ရုံတင်မက ရေအရင်းအမြစ်ကိုလည်း ချွေတာရန် ရည်ရွယ်သည်။

## ဥပဒေလည်းထုတ်၊ ပညာလည်းပေး


ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ဆိုးလ်မြို့တော်၌ အသစ်ဆောက်လုပ်မည့် အဆောက်အအုံများတွင် မိုးရေလှောင်ကန်များကိုထည့်သွင်းတည်ဆောက်ရန် ၂၀၀၄ ခုနှစ်က ဥပဒေထုတ်ပြန်သည်။ ဥပဒေထုတ်သည့်အပြင် ယင်းသို့ မိုးရေလှောင်ကန်များထားရှိခြင်းဖြင့် ရနိုင်သောအကျိုးများကို အခြေခံပညာကျောင်းများမှစကာ အဆောက်အအုံပိုင်ရှင်များအထိ ပညာပေးသဘောပေါက်စေသည်။ ကျောင်းအချို့တွင် မိုးရေလှောင်ကန်များတည်ဆောက်ပြီး ယင်းမှရသောအကျိုးကျေးဇူးများကို ကျောင်းသားလူငယ်တို့ကို လက်တွေ့သိရှိစေသည်။ အချို့မြို့ကြီးများတွင် "မိုးရေပြတိုက်"များဖွင့်လှစ်ခြင်း၊ မိုးရေ၏အရေးပါပုံကို အသံလွှင့်ဟောပြောခြင်း စသည်တို့ကိုဆောင်ရွက်သည်။

အဆောက်အအုံများတွင် မိုးရေလှောင်ကန်များ ထည့်သွင်းတည်ဆောက်လျှင် နေရာပိုယူ၊ စရိတ်ပိုကုန်သဖြင့် မြေပိုင်ရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များက မနှစ်မြို့က်ခဲ့ကြပေ။ ဤသည်ကို တောင်ကိုရီးယားအစိုးရကမက်လုံးပေး၍ သိမ်းသွင်းသည်။ ဆိုးလ်မြို့တော်တွင် နေရာကိုလိုက်၍ မြေကွက်ဧရိယာမည်မျှတွင် အဆောက်အအုံဧရိယာမည်မျှသာ ဆောက်ရမည်ဟု ကန့်သတ်ထားသည်။ ဤသည်ကို အစိုးရက လျှော့ပေါ့ပေးကာ ဆောက်လုပ်နိုင်သောဧရိယာကို တိုးမြှင့်ခွင့်ပြုပေးလိုက်ရာ ယင်းအချက်သည် မိုးရေလှောင်ကန်များကို ထည့်သွင်းဆောက်လုပ်ရန် ကောင်းစွာဆွဲဆောင်နိုင်သော အကြောင်းတစ်ခုဖြစ်သွားသည်။

လူအများလက်ခံလာအောင် ပညာပေးစည်းရုံးမှု၊ သင့်လျော်သလို မက်လုံးပေးမှုများကြောင့် အသစ်ပေါ်ထွက်လာသော အဆောက်အအုံများတွင် မိုးရေလှောင်စနစ်များကို ထည့်သွင်းလာကြရာ တစ်ခုမှာ "ကြယ်တာရာမြို့တော်" အိမ်ရာစခန်းဖြစ်သည်။ ကုန်ပဒေသာတိုက်ကြီးတစ်ခု၊ အထပ်မြင့် လူနေကွန်ဒိုလေးလုံးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသော ယင်းအိမ်ရာစခန်းကို ၁၂ ဧကမြေပေါ်တွင် ၂၀၀၇ ခုနှစ်က တည်ဆောက်ပြီးစီးခဲ့သည်။ လူနေခန်း ၁၃၀၀ ကျော်ပါရှိပြီး လူ ၆၀၀၀ ကျော် နေထိုင်သည်။



လမ်းဘေးရေထိန်းကန်များထားရှိခြင်းဖြင့် ရေကြီးမှုကိုလျော့နည်းစေနိုင်သည်။




ကြယ်တာရာမြို့တော်၏မိုးရေစနစ်

## ကန်သုံးကန်

ကြယ်တာရာမြို့တော်အိမ်ရာစခန်းအတွက်ရေကို ဗဟိုရေပေးရေးစနစ်မှ ရေအပြင် စခန်းမြေပြင်နှင့်အဆောက်အအုံများပေါ် ရွာကျလာသော မိုးရေများကို ဖမ်းယူသိုလှောင်အသုံးပြုသည်။ စခန်း၌ အေ၊ ဘီ၊ စီ၊ ဒီ ဟူ၍ ကွန်ဒိုလေးလုံးရှိရာ ကွန်ဒို "ဘီ"၏ စတုတ္ထမြေအောက်ထပ်တွင် ရေလှောင်ကန်သုံးလုံးကို ထည့်သွင်းတည်ဆောက်ထားသည်။ ကန်တစ်ကန်လျှင် ဂါလန် ၂၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ရေဂါလန် ၆၆၀၀၀၀ ကို သိုလှောင်ထားနိုင်သည်။

ကန်သုံးကန်အနက် ပထမကန်ကို မိုးများလာသည့်အခါ လမ်းပေါ်ရေမလွှမ်းစေရန် ထိန်းညှိဖို့ ရည်ရွယ်တည်ဆောက်သည်။ မိုးရာသီ၌ ယင်းကန်ကို ပုံမှန်အခြေအနေတွင် ရေရှိမနေစေဘဲ အလွတ်ထားပြီး မိုးရွာသောအခါ လမ်းပေါ်မှမိုးရေများ စီးဝင်စေခြင်းဖြင့် ရေမလျှံအောင်ထိန်းပေးသည်။ ကန်ထဲတွင် ပြည့်လာသည့်အခါ မြောင်းထဲစီးစေသည်။ မိုးတိတ်သည့်အခါ ပထမကန်ထဲမှရေများဖြင့် အိမ်ရာဝင်းအတွင်း သစ်ပင်ပန်းပင်များကို ရေလောင်းခြင်း၊ လမ်းရေဖျန်းခြင်းတို့ကို လုပ်ဆောင်သည်။ ဖျန်းပြီးလောင်းပြီးသောရေများကို အနည်များစစ်ထုတ်ပြီး ကန်ထဲပြန်ဝင်စေ၍ ပြန်အသုံးချသည်။

အဆောက်အအုံအမိုးများပေါ်မှ စီးကျလာသောရေကို ဒုတိယကန်ထဲထည့်သည်။ ဒုတိယကန်ထဲမှရေကို အများသုံးအိမ်သာ၊ သစ်ပင်ပန်းပင်ရေလောင်းရန်တို့အတွက် အသုံးပြုသည်။ ဒုတိယကန်၏ ရေဝင်ပေါက်၌ ရေစစ်တပ်ဆင်ထားပြီး ကန်တွင်းရှိရေကို နောက်ကျိမှုယူနစ် ၁ ဒသမ ၅ ထက်မပိုစေရန် ထိန်းထားသည့်အပြင် အနည်ထိုင်မှုကိုဖြစ်စေသည့် ရေတားများကို လုပ်ထားသည်။

တတိယကန်ကိုလည်း ဒုတိယကန်အတိုင်းပင် တည်ဆောက်ထားသည်။ ယင်းကန်ရေကို မီးသတ်ရန် စသည့်အရေးပေါ်ကိစ္စများအတွက်သာသုံးရန်လျာထားသဖြင့် ပုံမှန်အချိန်တွင် ရေပြည့်နေသည်။ ရေပြည့်နေသော်လည်း ရေသေဖြစ်မသွားစေရန် သတ်မှတ်အချိန်ရောက်သောအခါ ရေကိုအခြားကန်ထဲပို့၍ အချိန်မှန်ထုတ်သုံးပြီး ချက်ချင်းပြန်ဖြည့်သည်။

ကြယ်တာရာမြို့တော် မိုးရေပေးစနစ်တည်ဆောက်စရိတ်သည် မြေကြီးတူးခြင်း၊ ရေလှောင်ကန်ဆောက်ခြင်း၊ ပိုက်များတပ်ဆင်ခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀၊ လျှပ်စစ်နှင့်စက်မှုဆိုင်ရာလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၅၀၀၀၀ ကုန်ကျသည်။ ယင်းအိမ်ရာစခန်းရှိ တိုက်ခန်းတစ်ခန်း၏ ဈေးနှင့်ညီမျှသည်။

## ရှစ်နှစ်အတွင်းအရင်းကျေ

ကြယ်တာရာမြို့တော်သည် တစ်နှစ်လျှင် မိုးရေပမာဏဂါလန် ၉၀၀၀၀၀၀ ခန့်ကို စုဆောင်းသိုလှောင်အသုံးပြုသည်။ တစ်နည်းဆိုရလျှင် ဗဟိုရေပေးရေးစနစ်မှ ယင်းပမာဏရှိသောရေကို ဝယ်မသုံးဘဲ ချွေတာနိုင်ခြင်းဖြစ်သည်။ ကြယ်တာရာမြို့တော်သည် ရေဖိုးတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၈၀၀၀၀ မျှသက်သာသည်။ သက်သာသောငွေကို မိုးရေသုံးစနစ်တည်ဆောက်စရိတ်၊ ထိန်းသိမ်းပြုပြင်လည်ပတ်သည့်စရိတ်များနှင့်တွက်ချက်ပါက စတင်အသုံးပြုပြီး ရှစ်နှစ်အတွင်း အရင်းပြန်ရသည်ဟုဆိုသည်။

ရေဖိုးသက်သာရုံမျှမဟုတ်၊ မိုးရေလှောင်ကန်များက သည်းထန်စွာရွာသော



ဘင်ထမ်ပလိန်းရေရင်ပြင်

မိုးရေကိုလည်း လမ်းပေါ်လျှံထွက်မသွားအောင် ထိန်းပေးထားနိုင်သဖြင့် အိမ်ရာစခန်းမှထွက်လာသော မိုးရေအတွက် ရေထုတ်မြောင်းများကို တိုးချဲ့ဆောက်လုပ်ရန်မလိုတော့ပေ။ ထို့ပြင် ဗဟိုရေပေးရေးစနစ်မှရေကိုချွေတာနိုင်သည့်အတွက် ယင်းရေကို စခန်းတွင်းဖြန့်ဖြူးသယ်ပို့ရန်လိုအပ်သော တစ်နှစ်လျှင် လျှပ်စစ်ဓာတ်ကီလိုဝပ်နာရီ ၁၀၀၀၀ ကိုလည်း ချွေတာလိုက်နိုင်သည်။

**စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှအဆက်

**မိုးရေသုံးမှုအချိုး**

အဆောက်အအုံတစ်ခု၊ ဒေသတစ်ခု၏ မိုးရေအသုံးချမှုကို မိုးရေအသုံးချမှုအချိုးဖြင့် တိုင်းတာသည်။ မိုးရေအသုံးချမှုအချိုးဆိုသည်မှာ နေရာတစ်ခုပေါ်ရွာကျလာသော မိုးရေပမာဏနှင့် ယင်းမိုးရေကိုသောက်သုံးရန် အသုံးချနိုင်သောပမာဏ၏အချိုးကိုခေါ်သည်။ ကြယ်တာရာမြို့တော်၏ မိုးရေအသုံးချမှုအချိုးသည် ၆၇ ရာခိုင်နှုန်းရှိသည်။ ယင်းအိမ်ရာစခန်းမြေပြင်ပေါ်ရွာကျလာသော မိုးရေစုစုပေါင်း၏ ၆၇ ရာခိုင်နှုန်းကို သုံးစွဲနိုင်သည့်သဘောဖြစ်သည်။ တောင်ကိုရီးယားတစ်နိုင်ငံလုံး၏ မိုးရေအသုံးချနှုန်းသည် ၂၆ ရာခိုင်နှုန်းဖြစ်ရာ ကြယ်တာရာမြို့တော်၏ မိုးရေအသုံးချနိုင်မှုသည် တောင်ကိုရီးယားနိုင်ငံပျမ်းမျှထက် များစွာမြင့်မားသည်။

ကြယ်တာရာမြို့တော် မိုးရေအသုံးချရေးအောင်မြင်မှုသည် အခြားသောနေရာများတွင်မိုးရေလှောင်ကန်များကိုထည့်သွင်းဆောက်လုပ်ကြဖို့ တွန်းအားတစ်ရပ်ဖြစ်သွားသည်။ အင်ချွန်း၊ ကွမ်ဂျူး၊ ဒေဂူးစသည့်မြို့များအပါအဝင် မြို့ပေါင်း ၆၀ ခန့်တွင် မိုးရေသုံးစနစ်များကို ထည့်သွင်းတည်ဆောက်လာကြသည်။

မိုးရေကို တိုက်ရိုက်ခံယူအသုံးချခြင်းသည် ကျေးလက်တောရွာ မြို့စွန်ဒေသများအတွက်သာမဟုတ် ခေတ်မီအိမ်ရာစခန်းများတွင်လည်း အောင်မြင်အကျိုးရှိစွာအသုံးပြုနိုင်ကြောင်း ကြယ်တာရာမြို့တော်က ပြသလိုက်သည်။

**ရေပလာဇာ**

မိုးရေကို ထိန်းချုပ်စီးဆင်းစေခြင်းဖြင့် ရေကြီးရေလျှံမှုကို လျော့နည်းစေသောအခြားဥပမာတစ်ခုကို နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့တွင် တွေ့နိုင်သည်။ နယ်သာလန်နိုင်ငံ၏အစိတ်အပိုင်းအတော်





ဘင်ထမ်ပလိန်းရေရင်ပြင်၌ မိုးမရွာသည့်အချိန်တွင် အနားယူသူ၊ ကစားသူများဖြင့် စည်ကားနေသည်။

များများသည် ပင်လယ်ရေပြင်အောက်နိမ့်နေသောဒေသများဖြစ်သည်။ နယ်သာလန်နိုင်ငံတောင်ပိုင်းရှိ ရော့တာဒမ်မြို့သည် ဆိပ်ကမ်းမြို့တော်ဖြစ်ပြီး မြို့မြေပြင်သည် ပင်လယ်ရေပြင်ထက် ပေ ၂၀ ခန့်နိမ့်သည်။ မြို့တွင်းရှိရေများကို ရှေးယခင်ကတည်းက ယခုအထိ လေရဟတ်များ၊ ရေစုပ်စက်များဖြင့် စုပ်ထုတ်နေခဲ့ရသည်။ နောက်ပိုင်းတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးပိုရွာလာသောအခါ မိုးရေများကို သမားရိုးကျနည်းများဖြင့်နိုင်အောင်စုပ်ထုတ်၍ မဖြစ်နိုင်တော့ဘဲ နည်းလမ်းသစ်များကိုကြံဆကြရာ တစ်ခုမှာ “ရေပလာဇာ” များ၊ “ရေရင်ပြင်” များထားရှိခြင်းဖြစ်သည်။

ရေပလာဇာ၊ ရေရင်ပြင်ဆိုသည်မှာ မိုးမရွာသည့်အခါ အများပြည်သူ အပန်းဖြေနေရာနှင့် ကစားကွင်းများအဖြစ်သုံးပြီး မိုးသည်းထန်သည့်အခါ ရေလှောင်ကန်ဖြစ်သွားသော ကွက်လပ်များဖြစ်သည်။ မြို့ကြီးများရှိ တိုက်တာအဆောက်အအုံများကြားနှင့် ရပ်ကွက်များရှိ မြေလွတ်များ၌တည်ဆောက်ထားသောရေပလာဇာတစ်ခု၏ အနိမ့်ဆုံးအပိုင်းတွင် ကစားကွင်းများ၊ ပို၍မြင့်သောနေရာများတွင် ထိုင်ခုံတန်းများ၊ မြက်ခင်းများ၊ လျှောက်လမ်းများ စသည်ဖြင့် အနိမ့်အမြင့်မတူစေဘဲ ဖွဲ့စည်းသည်။

နွေအခါတွင် ရေပလာဇာတစ်ကွင်းလုံးသည် မြို့သူမြို့သား အရွယ်သုံးပါးတို့လာရောက်ဆော့ကစားအပန်းဖြေကြသည့်နေရာဖြစ်သည်။ မိုးတွင်းကာလ မိုးပုံမှန်ရွာသောအခါ ကနဦးမိုးရေသည် ရေပလာဇာ၏ အနိမ့်ဆုံးအပိုင်းဖြစ်သော ကစားကွင်းထဲသို့ စီးဝင်လာသဖြင့် ကစားကွင်းသည် ရေကန်အဖြစ်ပြောင်းသွားသည်။ မိုးဆက်ရွာသောအခါ ကစားကွင်းထက် ပိုမြင့်သောလူသွားလမ်းအချို့နှင့် ကွက်လပ်အချို့သို့ ရေရောက်လာပြီး မျက်စိပသာဒဖြစ်ဖွယ်ရေတသွင်သွင်စီးနေသော မြောင်းငယ်များ၊ ရေတိမ်အိုင်များဖြစ်လာသည်။ ကျန်လူသွားလမ်းနှင့် မြေပြင်သည် ပုံမှန်မိုးရွာနေသမျှ ရေမဖုံးဘဲ လျှောက်လမ်းနှင့်နားခိုနေရာများအဖြစ် ဆက်လက်အသုံးပြုနိုင်ကြသည်။

အချိန်အတန်ကြာ မိုးသည်းထန်စွာရွာသောအခါတွင်မှ ရေပလာဇာတစ်ခုလုံး ရေပြည့်သွားသည်။ ရေပလာဇာသည် ဘေးပတ်ဝန်းကျင်ရပ်ကွက်နှင့်လမ်းများအပေါ် ရေမလျှံအောင် ယာယီရေထိန်းပေးထားသော ကန်ကြီးဖြစ်သွားသည်။ ရော့တာဒမ်မြို့ ဘင်ထမ်ပလိန်းရေရင်ပြင်



မိုးရွာသောအခါ ဘင်ထမ်ပလိန်းရေရင်ပြင်သည် ရေထိန်းကန်ဖြစ်သွားသည်။

သည် ရေဂါလန် ၅၀၀၀၀၀ ခန့်ကို လက်ခံသိမ်းဆည်းပေးထားနိုင်သည်။

မိုးတိတ်၍ ရေပလာဇာထဲမှရေများကို ပြန်ထုတ်လိုက်သောအခါ ကစားကွင်းနှင့် အပန်းဖြေနေရာပြန်ဖြစ်လာသည်။ ရေပလာဇာ၊ရေရင်ပြင်များကိုတည်ဆောက်ထားရှိခြင်းဖြင့် မြို့နေလူထုအတွက် အပန်းဖြေနေရာများ မပျောက်ပျက်သည့်အပြင် မြို့တွင်းရေကြီးရေလျှံမှုကိုလည်း များစွာသက်သာရာ ရစေလျက်ရှိသည်။ ရော့တာဒမ်မြို့၏ ရေပလာဇာ၊ ရေရင်ပြင် စိတ်ကူးစိတ်သန်းကို ဗီယက်နမ်မြို့ကြီးအချို့အပါအဝင် အခြားကမ္ဘာ့မြို့ကြီးများတွင်လည်း အကောင်အထည်ဖော်တည်ဆောက်၍ မြို့ပြရေလျှံမှုကိုထိန်းချုပ်ရန် စီစဉ်နေကြသည်။

မြန်မာနိုင်ငံ၏မြို့အချို့တွင်မူ ပန်းခြံနှင့် ကစားကွင်းများကိုသာမက ရှိပြီးရေထိန်းကန်များကိုပါ အလွတ်မပေးဘဲ မြေဖို့ကာ အဆောက်အအုံများဖြင့် အစားထိုးလိုက်၍ ရေကြီးရေလျှံမှု တစ်ချိန်ထက်တစ်ချိန် ဆိုးရွားလာနေခြင်းသည် မြို့ရွာအုပ်ချုပ်ရေးနှင့် ရေဘက်ဆိုင်ရာစီမံခန့်ခွဲမှု၏ လွဲမှားချက်၊ အားနည်းချက်၊ လိုအပ်ချက်များကို ကွက်ကွက်ကွင်းကွင်းထုတ်ဖော်ပြသလိုက်ခြင်းပင်ဖြစ်သည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရုတ်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်းအစီရင်ခံစာ- ၂၀၂၅ ဖွင့်ပွဲနှင့် (Ministry of Commerce- MOFCOM)ပညာတော်သင်ဆု ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်းက ကြီးမှူးပြုလုပ်သည့် မြန်မာနိုင်ငံရှိ တရုတ်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း အစီရင်ခံစာ–၂၀၂၅ ဖွင့်ပွဲနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce–MOFCOM) ပညာသင်ဆု ပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M–Gallery Hotel ၌ ကျင်းပသည်။




ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက မြန်မာနိုင်ငံရှိ တရုတ်လုပ်ငန်းရှင်များအသင်း(CECCM) အနေဖြင့် တရုတ်စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်း အစီရင်ခံစာ–၂၀၂၅ ထုတ်ပြန်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က လူမှုအကျိုးပြုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်ခြင်းအစီရင်ခံစာသည် တရုတ်–မြန်မာ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေနပ်ဖွယ် ရလဒ်တစ်ခုဖြစ်ပါကြောင်း၊ ထို့ပြင် ဒေသဆိုင်ရာလိုအပ်ချက်များအရ လူမှုအသိုင်းအဝိုင်းအတွက် အထောက်အပံ့ကောင်းများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ တရုတ်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိပ္ပာယ်ပြည့်ဝသော ပံ့ပိုးကူညီမှုများဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Mr. Liu Ming က အစီရင်ခံစာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက တရုတ်စီးပွားရေးလုပ်ငန်းများ၏ ဒေသခံပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက အသင်းမှ ဆောက်လုပ်လှူဒါန်းသော စစ်ကိုင်းမြို့ရှိ ရွှေမင်းဝန်ဈေးသစ်စီမံကိန်းကို လွှဲပြောင်းပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce – MOFCOM)က ကြီးမှူးပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ပညာသင်ဆုပေးအပ်ပွဲသို့ တက်ရောက်သည်။

ပညာသင်ဆုပေးအပ်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားက MOFCOM ပညာသင်ဆုများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပေးအပ်သည့် MOFCOM ပညာသင်ဆုများသည် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် များစွာ အထောက်အကူပြုစေပါကြောင်း၊ အရည်အချင်းပြည့်မီပြီး ပညာသင်ဆုရွေးချယ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းများကို ကျောင်းဝင်ခွင့်လက်မှတ် (Admission Letter) ချီးမြှင့်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေခြင်းသည် ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ ပညာသင်ကာလပြီးဆုံးပါက လေ့လာဆည်းပူးခဲ့သည့် အသိပညာဗဟုသုတများကို လုပ်ငန်းခွင်တွင် အကျိုးရှိရှိပြန်လည်အသုံးပြုရန်နှင့် နိုင်ငံအတွက် သစ္စာရှိရှိနှင့် အားကိုးအားထားပြုရသည့် စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်းအမြစ်များ ဖြစ်လာစေရေး ကြိုးစားအားထုတ်ကြရန် တိုက်တွန်းပြောကြားသည်။


ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တရုတ်သံအမတ်ကြီးနှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူးတို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်များမှ ကျောင်းဝင်ခွင့်လက်မှတ် (Admission Letter)များကို ပညာတော်သင်ဆု ရွေးချယ်ခြင်းခံရသည့် အရာထမ်း၊ အမှုထမ်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

နှစ်ပေါင်း ၁၂၅ နှစ် သက်တမ်းရှိသည့် မီးရထားလမ်း တံတားတစ်ခုဖြစ်သည်။ မြန်မာပြည်၏အမြင့်ဆုံးနှင့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတားဟု မှတ်ကျောက်တင်ခံရပြီး ယင်းတံတားကိုတည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့သော တံတားတစ်စင်းဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများလည်း အများအပြား လာရောက်ကြည့်ရှုလေ့လာသည့် တံတားတစ်စင်းလည်းဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားကို ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူများက လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး ကမ္ဘာ့အမွေအနှစ်စာရင်းများတွင်လည်း ပါဝင်ခဲ့သည်။

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နောင်ချိုမြို့ကို ပြည်သူလူထု၏ အားပေးထောက်ခံမှုနှင့်အတူ နယ်မြေသတင်းများထောက်လှမ်းရယူကာ တန်ပြန်တိုက်စစ်များဖြင့် အဆင့်ဆင့်တိုက်ခိုက်ခဲ့သောကြောင့် ယခုနှစ် ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် နောင်ချိုမြို့တစ်မြို့လုံးကို တပ်မတော်က အပြီးတိုင် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။




TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

အကြမ်းဖက် သောင်းကျန်းသူများသည် ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုမရရှိခြင်း၊ တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်များကို ဆက်လက် ခုခံနိုင်မှုမရှိခြင်းတို့ကြောင့် ထိခိုက်ကျဆုံးမှုများစွာဖြင့် ကျောက်မဲမြို့နယ်ဘက်သို့ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး **နောင်ချိုမြို့နယ် နောင်ချို–ကျောက်မဲကားလမ်း ဂုတ်တွင်း အတက်လမ်းတွင်လည်းကောင်း၊ ဂုတ်ထိပ်တံတား ကျောက်မဲမြို့ဘက် အခြမ်းတွင်လည်းကောင်း၊ ဂုတ်ထိပ်တံတားနှင့် ကျောက်မဲမြို့ကြားရှိ နောင်ပိန်ရွာတွင်လည်းကောင်း ယာယီအခြေပြု၍** အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများကို စစ်နည်းဗျူဟာမြောက် ခက်ခဲကြမ်းတမ်းပင်ပန်းစွာဖြင့် ရန်သူထင်မှတ်မထားသည့် လမ်းကြောင်းများမှ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဩဂုတ် ၂၃ ရက်တွင် နောင်ပိန်ရွာကို အပြီးတိုင် ပြန်လည်ထိန်းချုပ်ရချိန်၌ အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ကျေးရွာရှိ လူနေအိမ်များကို ယုတ်မာရက်စက်စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့ကာကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။





TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။

ထိုသို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ယနေ့ နံနက်ပိုင်းတွင် **မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဂုတ်ထိပ်တံတားကို ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် ကျောက်မဲမြို့ဘက်အခြမ်း တံတားတိုင်အမှတ်(P – 16)နှင့် ကမ်းကပ်ခုံ(AB – 2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာနှင့် တံတား၏ ကမ်းကပ်ခုံ (AB – 2)တို့ ပျက်စီးခဲ့ရသည်။**

ယင်းကဲ့သို့ TNLA လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် စစ်ရေးနှင့်မသက်ဆိုင်သည့် နိုင်ငံ၏ အထင်ကရနှင့် သမိုင်းဝင်နေရာအား အသိဉာဏ်နည်းပါး ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သည့် လုပ်ရပ်ကို ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုံ့ချလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သောင်းကျန်းသူများ အမြစ်ပြတ်ချေမှုန်းရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို လိုအပ်သလို ပြင်းပြင်းထန်ထန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဖဝသ)

# ၅၇ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင် ရွှေ၊ ငွေ၊ ကြေး ဆုများနှင့် အကောင်းဆုံးဆုများ ဆွတ်ခူးရရှိ

နေပြည်တော် ဩဂုတ် ၂၄

၂၀၂၅ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသည့် ၅၇ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲသို့ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဆောင်လျက် အုပ်ချုပ်သူ တစ်ဦး၊ နည်းပြ သုံးဦး၊ ဒိုင်လူကြီး နှစ်ဦးနှင့် အားကစားသမားဦးရေ ၂၀ စုစုပေါင်းအားကစားအဖွဲ့ဝင် ၂၆ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်လျက်ရှိသည်။




ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်ထိ ကျင်းပသော ၅၇ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲများ၌ ဩဂုတ် ၂၂ ရက်တွင် မောင်မောင်မြင့်က ၄၀-၄၉ ကီလိုတန်း အမျိုးသားကာယဗလပြိုင်ပွဲ၌ ငွေတံဆိပ်ဆုနှင့် ၇၀ တန်းတွင် ကြေးတံဆိပ်ဆုကို ထပ်မံရရှိခဲ့သည်။

ဩဂုတ် ၂၃ ရက်တွင် မောင်ချမ်းမြေ့ထွန်းက ၇၅ ကီလိုတန်းတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ မောင်စိုင်းသက်နောင်ဦးက ၁၇၅ စင်တီမီတာကိုယ်ခန္ဓာအလှ အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ မောင်မျိုးသူရကျော်က ၁၈၀ စင်တီမီတာအထက် ကိုယ်ခန္ဓာအလှ အမျိုးသား ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ဩဂုတ် ၂၄ ရက်တွင် မဇူးဇူးသန့်က Women's Model Physique up to 170 cm ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ မမိုးသက်ခိုင်က Women's Wellness Physique ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ မောင်ချမ်းမြေ့ထွန်းက အကောင်းဆုံးကိုယ်ဟန်ပြဆုကိုလည်းကောင်း ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့သည် ၅၇ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် သုံးခု စုစုပေါင်းဆုတံဆိပ် ခုနစ်ခု အပြင် မောင်ချမ်းမြေ့ထွန်းက အကောင်းဆုံးကိုယ်ဟန်ပြဆုပါ ထပ်မံရရှိခဲ့သည်။

ပြိုင်ပွဲဝင် နိုင်ငံ ၂၈ နိုင်ငံမှ ပြိုင်ပွဲဝင်အားကစားသမား ၁၆၇ ဦး ယှဉ်ပြိုင်ကြသည့် ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာအသင်းက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် သုံးခုရရှိခဲ့ပြီး အမျိုးသားအသင်းသည် နိုင်ငံအလိုက် တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးအသင်းသည် နိုင်ငံအလိုက် တတိယဆုကိုလည်းကောင်းရရှိခဲ့ပြီး ၅၇ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် သုံးခု ထပ်မံရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---


❑ **ဖမ်းဆီးရမိမှု**

သီရိမန္တလာကားဝင်းအနီးရှိ တည်းခိုခန်းကို ဆက်လက်ရှာဖွေရာ မုံရွာမြို့ သလ္လာရပ်ကွက်နေ မင်းမင်းဇော်(ခ) ကိုဇော်နှင့်အတူ WATER COOLER ၁၀ လုံးကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် သီရိမင်္ဂလာကားဝင်းရှိ ကားဂိတ်သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားသော WATER COOLER ၁၁ လုံးနှင့် ချမ်းမြရွှေပြည်ကားဝင်းရှိ ကားဂိတ်မှ WATER COOLER ငါးလုံးတို့ကိုလည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့သဖြင့် မန္တလေးမြို့မှ ကလေးမြို့သို့ ဆက်လက်ပို့ဆောင်မည့် WATER COOLER ၃၉ လုံးအတွင်းမှ ဘိန်းဖြူအလေးချိန် ၃၄ ဒသမ ၆၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၈၆၆၀) ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ဇင်ကိုအောင်(ခ) အောင်သူနှင့် မင်းမင်းဇော်(ခ)ကိုဇော်တို့က အလားတူ WATER COOLER များကို မန္တလေးမှ ကလေးမြို့သို့ လူမဲ့တန်ဆာဖြင့် ပေးပို့ထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် သိမ်းဆည်းရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ ကားဂိတ်တွင် WATER COOLER နှစ်လုံးကိုလည်းကောင်း၊ ၎င်းတို့ ငှားရမ်းနေထိုင်သော မုံရွာမြို့ သလ္လာရပ်ကွက်ရှိ နေအိမ်အတွင်းမှ WATER COOLER ၁၄ လုံးကိုလည်းကောင်း ထပ်မံသိမ်းဆည်းရရှိခဲ့သဖြင့် မုံရွာမြို့၌ သိမ်းဆည်းရမိသည့် WATER COOLER ၁၆ လုံးအတွင်းမှ ဘိန်းဖြူအလေးချိန် ၁၄ ဒသမ ၇ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၃၅၀) ဖြစ်သဖြင့် ဖမ်းဆီးရမိ စုစုပေါင်း ဘိန်းဖြူအလေးချိန် ၅၆ ဒသမ ၃၆ ကီလို(၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၇၀၆၃ ဘီလီယံ) ဖြစ်ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီတွင် ဘိန်းဖြူများကို လားရှိုးမှ ကလေးသို့ တာဝန်ခံသယ်ဆောင်သူ ဘောက်လာ(ခ)ဂျိမ်းဖောအား မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ဘိန်းဖြူများကို ဝယ်ယူ၍ ကလေးမြို့သို့ သယ်ဆောင်ခိုင်းသူ စိန်းလျှံထန်နှင့် အာကာလင်းတို့ကို ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ မန္တလေးမှ ကလေးသို့ ဘိန်းဖြူများ တာဝန်ခံသယ်ဆောင်သူ ချစ်မင်းဟန်(ခ)အစွယ်အား ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီတွင် အောင်မြေသာစံမြို့နယ် သီရိမာလာ(အရှေ့)ရပ်ကွက်တွင်လည်းကောင်း အသီးသီး ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဘိန်းဖြူများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ဝမ်စန့်ကျေးရွာနေ အိုက်ငင်းဦး(ခ) အိုက်ကျန်ဦး (ဖမ်းဆီးရန်ကျန်)ထံမှ ကလေးမြို့နေ လာလ်ပဲက်စိုင်း (ဖမ်းဆီးရန်ကျန်)နှင့် ဂူလ်မွှေး(ဖမ်းဆီးရန်ကျန်)တို့က ဝယ်ယူ၍ ကလေးမြို့သို့ အဆင့်ဆင့် သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



တောင်ကြီးမြို့၌ ပြစ်မှုကျူးလွန်သူ သိန်းထွန်းဦး(ခ) ဘိုဘိုအား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



မုံရွာမြို့၌ ဇင်ကိုအောင်(ခ) အောင်သူနှင့် မင်းမင်းဇော်(ခ) ကိုဇော်တို့ ပို့ဆောင်ထားသည့် ဘိန်းဖြူများ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။




ဘိန်းဖြူများသယ်ဆောင်ခိုင်းသူ ပြစ်မှုကျူးလွန်သူ ဘောက်လာ(ခ) ဂျိမ်းဖောနှင့် မန္တလေးမြို့၌ ပြစ်မှုကျူးလွန်သူ မင်းမင်းဇော်(ခ) ကိုဇော်၊ ဇင်ကိုအောင်(ခ) အောင်သူ၊ ချစ်မင်းဟန်(ခ)အစွယ်တို့ကို ဖမ်းဆီးရမိ ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



မန္တလေးမြို့၌ ပြစ်မှုကျူးလွန်သူ အာကာလင်း၊ စိန်းလျှံထန်၊ မင်းမင်းဇော်(ခ) ကိုဇော်နှင့် ဇင်ကိုအောင်(ခ)အောင်သူ(ဝဲမှယာ)တို့ကို ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိ ကီလောင်ဝေယာမီးတောင် ၃၁ ကြိမ်မြောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့



**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်တွင်ရှိသည့် ကီလောင်ဝေယာမီးတောင်သည် ဩဂုတ် ၂၃ ရက်တွင် ၃၁ ကြိမ်မြောက် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း Hawaiian Volcano Observatory က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကီလောင်ဝေယာမီးတောင်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ယခုတစ်ကြိမ်မီးတောင်ပေါက်ကွဲမှုသည် ၃၁ ကြိမ်မြောက် မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ကြောင်း၊ မီးတောင်အတွင်းမှ ထွက်ပေါ်လာသောမီးခိုးငွေ့များသည် မီးတောင်အနီးပတ်ဝန်းကျင်မီတာ ၁၀၀ ကျော်ထိ ပျံ့နှံ့ရောက်ရှိနေပြီး မီးတောင်အနီးပတ်ဝန်းကျင်နေထိုင်သူများကို မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားသော်လည်း မီးတောင်ပေါက်ကွဲမှုမှာ ပြင်းထန်ခြင်းမရှိသည့်အတွက်ကြောင့် မီးတောင်အနီးပတ်ဝန်းကျင်မှ ဒေသခံများအတွက် စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

"ကီလောင်ဝေယာ မီးတောင်ဟာ ဩဂုတ် ၂၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။ မီးတောင်အတွင်းကချော်ရည်တွေ ပေါက်ထွက်ခဲ့သလို မီးခိုးငွေ့တွေကလဲ မီးတောင်အနီးပတ်ဝန်းကျင် မီတာ ၁၀၀ ကျော်ထိ ပျံ့နှံ့ရောက်ရှိခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုအားက မပြင်းတဲ့အတွက်ကြောင့် ချော်ရည်တွေက မီးတောင်နဲ့ အလှမ်းဝေးတဲ့နေရာထိ စီးကျခဲ့ခြင်းမျိုးမရှိပါဘူး။ အခြေအနေကိုတော့ စောင့်ကြည့်သွားရမယ်"ဟု Hawaiian Volcano Observatory မှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အယ်လ်ဆာဗေဒိုးနိုင်ငံတွင် ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**ဆန်ဆာဗေဒိုး ဩဂုတ် ၂၄**

အယ်လ်ဆာဗေဒိုးနိုင်ငံတွင် ဩဂုတ် ၂၃ ရက် ၉ နာရီ ၂၁ မိနစ်က ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံပိုင်ဘူမိဗေဒ ဝန်ဆောင်မှုက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်ဗဟိုချက်သည် Acajutla မြို့၏ အနက် ၁၀ ကီလိုမီတာ၊ မြောက်လတ္တီတွဒ် ၁၃ ဒသမ ၀၈ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် ၉၀ ဒသမ ၃၆ ဒီဂရီတွင် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်တချို့လည်းပျက်စီးသွားခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် ခိုင်ခံ့မှုမရှိသော အဆောက်အအုံတချို့အက်ကွဲသွားခဲ့ရသည့်အတွက် အဆိုပါအဆောက်အအုံများ၏ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် အသေအပျောက်၊ ထိခိုက်ဒဏ်ရာရမှုနှင့် ပစ္စည်းများပျက်စီးမှု စာရင်းအတိအကျကို ယနေ့တွင် စစ်တမ်းများကောက်ယူနေပြီဖြစ်ပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ဩဂုတ် ၂၃ ရက်ကတည်းက လုပ်ဆောင်နေပြီဖြစ်ကြောင်း နိုင်ငံ၏ မြို့ပြကာကွယ်ရေးဌာနက တာဝန်ရှိသူတစ်ဦးက ပြောပြ၍ သိရသည်။

Ref : Russia Today

Trs : KZ

# တရုတ်နိုင်ငံ တောင်ဘက်ကမ်းရိုးတန်းပြည်နယ်များတွင် တိုင်ဖွန်းမုန်တိုင်း ကာဂျီကီ တိုက်ခတ်လျက်ရှိ

**ပေကျင်း ဩဂုတ် ၂၄**

တရုတ်နိုင်ငံ တောင်ဘက်ကမ်းရိုးတန်း ပြည်နယ်များတွင် ဩဂုတ် ၂၃ ရက်ကစ၍ တိုင်ဖွန်းမုန်တိုင်း ကာဂျီကီ တိုက်ခတ်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံတောင်ဘက် ကမ်းရိုးတန်းပြည်နယ်များဖြစ်သော ဟိုင်နန်နှင့် ကွမ်တုံပြည်နယ်များတွင် ယခုတိုက်ခတ်သော တိုင်ဖွန်းမုန်တိုင်းသည် ယခုနှစ်အတွက် ၁၃ ခုမြောက်တိုင်ဖွန်းဖြစ်ပြီး အဆိုပါမုန်တိုင်းနှင့်အတူ မုန်တိုင်းငယ်များ၊ မိုးသက်မုန်တိုင်းများတိုက်ခတ်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။



လက်ရှိတွင် မုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှု၊ ရေကြီးမှုများဖြစ်ပေါ်နေသဖြင့် အဆိုပါပြည်နယ်၏ ကမ်းရိုးတန်းဒေသများနှင့် ကျွန်းဒေသများကို ဝင်ရောက်တိုက်ခတ်မည်ဟု ပြည်နယ် ဘေးအန္တရာယ်ကာကွယ်ရေး၊ လျှော့ပါးရေးနှင့် ကယ်ဆယ်ရေးကော်မရှင်က သတိပေးထားကြောင်း သိရသည်။

လက်ရှိတွင် Sanya Phoenix အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေယာဉ်ခရီးစဉ်များကို ယနေ့နံနက် ၁၀ နာရီမှစ၍ ခေတ္တရပ်ဆိုင်းမည်ဖြစ်ပြီး Sansha City မြို့အပါအဝင် ကမ်းရိုးတန်းဒေသများတွင်နေထိုင်သူများကို ဘေးကင်းသောနေရာများသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

ယနေ့နှင့် ဩဂုတ် ၂၅ ရက်တွင် Leizhou ကျွန်းဆွယ်နှင့် Maoming၊ Yangjiang နှင့် Jiangmen မြို့များ၏ ကမ်းရိုးတန်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်း တိုက်ခတ်မည်ဖြစ်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

Ref : Russia Today

Trs : KZ

# ဗန်ကိုးဗားကျွန်းတောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် လျှပ်စစ်မီးများ ပြန်လည်ရရှိရေး စတင်ဆောင်ရွက်ပေးနေ

**အော့တဝါ ဩဂုတ် ၂၄**

ကနေဒါနိုင်ငံ ဗန်ကိုးဗားကျွန်းတွင် ပြီးခဲ့သောဇူလိုင်လမှစတင်၍ တောမီး လောင်ကျွမ်းမှုကြောင့် အခြေခံဆောက်အအုံတချို့ပျက်စီးခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်ခဲ့သဖြင့် ဩဂုတ် ၂၃ ရက်မှစ၍ လျှပ်စစ်မီး ပြတ်တောက်နေမှုကို ပြန်လည်ရရှိရေး ဆောင်ရွက်ပေးနေကြောင်း ဗန်ကိုးဗားကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဗန်ကိုးဗားကျွန်းရှိ လျှပ်စစ်မီးပြတ်တောက်နေသည့် အခြေခံအဆောက်အအုံများနှင့် လူနေအိမ်ခြေများအားလုံး လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်နေကြောင်း ဗန်ကိုးဗား လျှပ်စစ်ဓာတ်အားဖြန့်ချိသည့် အဓိကတာဝန်ခံကုမ္ပဏီဖြစ်သည့် BC Hydro က ထုတ်ပြန်သွားခဲ့သည်။

"တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် အခြေခံအဆောက်အအုံတွေပျက်စီးခဲ့တယ်။ တောမီးကို ထိန်းချုပ်လာနိုင်ခဲ့ပြီးနောက်ပိုင်း ပျက်စီးခဲ့တဲ့ အခြေခံအဆောက်အအုံတွေကိုပြန်လည်ပြုပြင်မှုတွေ ပြုလုပ်ပေးနေပြီ ဖြစ်ပါတယ်။ ဩဂုတ် ၂၃ ရက်မှာတော့ လျှပ်စစ်မီးပြတ်တောက်မှုတွေကိုပြန်လည်ရရှိဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ လူနေအိမ်ပေါင်း ၅၀၀ ခန့်ထိတော့ လျှပ်စစ်မီးပုံမှန်အတိုင်း ပြန်လည်ရရှိနေပြီ ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ အခြေခံအဆောက်အအုံတွေနဲ့ လူနေအိမ်တွေ လျှပ်စစ်မီးပုံမှန်အတိုင်းပြန်ရဖို့ ဆက်လက်ဆောင်ရွက်ပေးနေပါတယ်"ဟု BC Hydro မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဓာတ်တိုင်များပျက်စီးခဲ့ပြီး ဓာတ်တိုင်အသစ် ၆၃ လုံးနှင့် လျှပ်စစ်ဓာတ်အားလိုင်း အသစ် ၆၃ လုံးကိုလည်း ထပ်မံတိုးချဲ့တပ်ဆင်ပေးနေကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat



# စင်ကာပူနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂျူရွန်မြို့တော်ခန်းမလမ်းတစ်လျှောက် ရေကြီးရေလျှံမှုဖြစ်ပေါ်နေ

**စင်ကာပူ ဩဂုတ် ၂၄**

စင်ကာပူနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး ဂျူရွန်မြို့တော်ခန်းမလမ်းတစ်လျှောက် ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း စင်ကာပူအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံတွင် ဩဂုတ် ၂၃ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့မှစ၍ အနိမ့်ပိုင်းတွင်တည်ရှိသည့် ဧရိယာများတွင်ရေလွှမ်းနေပြီး ဂျူရွန်မြို့တော်ခန်းမလမ်းကို မော်တော်ယာဉ်များဖြတ်သန်းမောင်းနှင်ခြင်း မပြုရန်လည်း စင်ကာပူအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ ထို့ပြင် ယာဝုဒ်ရိပ်သာလမ်းမှ ဘင်ဂျိုင်ပန်းခြံတစ်လျှောက် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည်ဟု စင်ကာပူအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

"ဩဂုတ် ၁၅ ရက်ကစတင်ပြီးတော့ မကြာခဏမိုးရွာသွန်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မိုးသက်လေပြင်းအသွင်လဲဖြစ်ပေါ်ခဲ့ပါတယ်။ ဩဂုတ် ၂၃ ရက်မှာ မိုးရေချိန်မြင့်မားစွာ မိုးရွာသွန်းခဲ့ပြီးတဲ့နောက် ဩဂုတ် ၂၄ ရက်ကစတင်ပြီးတော့ ဂျူရွန်မြို့တော်ခန်းမလမ်းတစ်လျှောက် ရေလွှမ်းခဲ့ပါတယ်။ ယာဝုဒ်ရိပ်သာလမ်းကနေ ဘင်ဂျိုင်ပန်းခြံထိ ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ပါတယ်။ ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားတဲ့ လမ်းတွေမှာမော်တော်ယာဉ်တွေအသုံးမပြုကြဖို့ သတိပေးလိုပါတယ်"ဟု စင်ကာပူအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၈၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၈၃၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် မြေပဲ ဧက ၁၆၈၈၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၈၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲဧက ၁၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့လဲ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်အတွက် စိုက်ခင်းများအတွင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးပြေမပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်း ငါးပြေမပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ပြီးခဲ့သည့် ဇွန်လအတွင်းက ငါးပြေမပိဿာချိန် ၇၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးပြေမပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

''ဒေသထွက် ငါးပြေမတွေ ရန်ကုန်ဈေးကွက်ကို ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လက ငါးပြေမ ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာပါ။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် အခြားဈေးကွက်ကိုပြန်လည်တင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးပြေမပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမများ ပိဿာချိန်အများအပြား တင်ပို့ရောင်းချခဲ့ရသည့်အတွက် ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ လုပ်သားများအလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေကောင်းမွန် လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# လင်းခေးမြို့နယ် နားကုန်း(လွိုင်ပုံပန့်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

လင်းခေး ဩဂုတ် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားကုန်း (လွိုင်ပုံပန့်) ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဩဂုတ်၂၃ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက နားကုန်း (လွိုင်ပုံပန့်) ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ကုန်ထုတ်လမ်း ဖောက်လုပ်ရာတွင် စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နားကုန်း(လွိုင်ပုံပန့်)ကျေးရွာ၌ လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သဲဖြူန်းလမ်းခင်းခြင်း လုပ်ငန်းကို တင်ဒါအောင်မြင်သည့် စည်တော်ညွှန့်ကုမ္ပဏီက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၂၈၇ သန်း အသုံးပြု၍ ယခုနှစ် ဩဂုတ်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက နားကုန်း(လွိုင်ပုံပန့်)ကျေးရွာရှိ တောင်သူများ၏ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များကို လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းက ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

## ပုံရိပ်လှပါစေ

\- လူသားတွေ နှလုံးသား
အပြုံးများ ဝေပါစေ၊
မင်္ဂလာ ကျက်သရေတိုး
ကောင်းကျိုးတွေဝေ၊
ပရဟိတ စိတ်ဓာတ်တွေ
ကိန်းအောင်းနေ အမြဲတမ်း၊
ဒေါသအမုန်ဖယ်လို့
ကြံရွယ်ကာ ဘဝတစ်ခုကို
ထုဆစ်လို့လှမ်း။

\- ညစ်ညမ်းတာ စိတ်မတွေး
ဖြူစင်ဖွေး အသိဉာဏ်၊
ယဉ်ကျေးချို နှုတ်ထွက်စကား
ပြောကြားစေရန်၊
ဆောင်ရွက်သမျှ မှန်မှန်ကန်
လမ်းမှန်ထံ ရောက်စေဖို့၊
မိတ်ဆွေ ဝန်းကျင်အပေါင်းနဲ့
ကောင်းမြတ်ရာ အလုပ်များကို
ကြိုးစားကြစို့။

\- ပုံရိပ်တွေ လှစေရေး
ပြုပြင်မနှေး နေထိုင်ပါ၊
ရှင်သန်ရာ ဘဝလှဖို့
ပြုကြစဉ်သာ၊
လျှောက်သောလမ်း ဖြောင့်မတ်လာ
ကိုယ်စိတ်နှစ်ဖြာ အေးငြိမ်း၊
ကောက်ကျစ် စိတ်အဆင်ကို
ရှောင်ဖယ်ကြဉ် ပြုမူကျင့်လို့
မြှင့်တင်လျက်ထိန်း။ ။

ဖြိုးထက်(ရေစကြို)

# ပွင့်ဖြူမြို့နယ် လယ်ဗီလာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ ဩဂုတ် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသာကြီးကျေးရွာအုပ်စု လယ်ဗီလာကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၃ ရက်က အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက လယ်ဗီလာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက လယ်ဗီလာကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ရဲဝင်းနိုင် (ညောင်ဦး)

# ပဲပုပ်သီးနှံ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး

မူမူ(မလှိုင်)

**ယမန်နေ့မှအဆက်**

**ယူရီးယားမြေဩဇာလိုအပ်မှုရှိနိုင်လား**

ပဲမျိုးရင်းဝင်အပင်များတွင် ယူရီးယားသည် နိုက်ထရိုဂျင်ပေါင်းစည်းပေးသော Root microorganisms များအပေါ် သက်ရောက်မှုမရှိပါ။ သို့ရာတွင် ပဲပုပ်ပင်ကြီးထွားမှုအဆင့်များအတွင်း နိုင်ထရိုဂျင်ကိုထည့်သွင်းပါက အထွက်နှုန်းတိုးနိုင်သည်။

**ပဲပုပ်တွင် မြေဩဇာဖြည့်ဆည်းပေးသင့်လား**

ပဲပုပ်သီးနှံသည် မရှိမဖြစ်လိုအပ်သောအာဟာရဓာတ်များချို့တဲ့သောအခါတွင် အထွက်နှုန်းလျော့ကျသွားမည်ဖြစ်သည်။ ထို့ကြောင့် သီးနှံအထွက်နှုန်းအများဆုံးရရှိရန် အမြတ်အစွန်းရှိသော မြေဩဇာကိုသုံးစွဲရန်အရေးကြီးသည်။

**ပဲပုပ်အတွက် အကောင်းဆုံးဓာတ်မြေဩဇာ**

ပဲပုပ်အတွက် ပိုတက်စီယမ်ပါဝင်မှုများသောဓာတ်မြေဩဇာကို အသုံးပြုရမည်။ ဓာတ်မြေဩဇာတွင် ပိုတက်စီယမ် အမြင့်ဆုံး ၂၀ ရာခိုင်နှုန်းပါဝင်နေရမည်။ ပဲပုပ်စေ့တွင် ပိုတက်စီယမ်ပါဝင်မှုမြင့်မားသည့်အတွက် ပဲပုပ်ပင်မှအစေ့အဆန်များကို ထုတ်ယူသည့်အခါ ပဲပုပ်သည် အခြားသီးနှံများထက် မြေကြီးမှ ပိုတက်စီယမ် ဖယ်ထုတ်မှုပိုများပြားသည်။ မြေဆီလွှာစမ်းသပ်မှုသည် ဖော့စဖရပ်ကဲ့သို့ပင် ပိုတက်စီယမ်လိုအပ်ချက်များအတွက် အကောင်းဆုံးညွှန်ပြချက်ဖြစ်သည်။

**ပဲပုပ်ပင်အတွက် အစပျိုးဓာတ်မြေဩဇာထည့်သွင်းမှု**

ပဲပုပ်ပင်အတွက် အစပျိုးဓာတ်မြေဩဇာထည့်သွင်းမှု၌ ဖော့စဖရပ်နှင့် ပိုတက်စီယမ် နှစ်မျိုးစလုံးထည့်သွင်းသင့်သည်။ ဖော့စဖရပ်သည် အစောပိုင်းအမြစ်ကြီးထွားမှုကိုအားပေးပြီး ပိုတက်စီယမ်သည် ပဲပုပ်အမြစ်ဖုနှင့် ဇီဝကမ္မအရ နိုက်ထရိုဂျင်ဓာတ်ကို ထိန်းချုပ်ထားနိုင်မှုကို တိုးပွားစေသည်။ ဖော့စဖရပ်နှင့် ပိုတက်စီယမ်အာဟာရများသည် ပဲပုပ်အထွက်နှုန်း တိုးတက်စေခြင်းအတွက် အရေးပါသည်။

**ပဲပုပ်အထွက်နှုန်းမြင့်မားစေရန် လိုက်နာရမည့် အချက် ၉ ချက်**

၁။ ပဲပုပ်မျိုးစေ့ (သင့်တော်သောမျိုး)ရွေးချယ်မှုအတွက် အချိန်ယူပါ။

၂။ ပဲပုပ်စိုက်ခင်းအခြေအနေကို သိရှိနားလည်ပြီး သီးနှံစိုက်ပျိုးမှုစနစ်ကို ထည့်သွင်းစဉ်းစားပါ။

၃။ မြေဆီဩဇာထက်သန်စေသည့် အရင်းအမြစ်ကို ထိန်းသိမ်းပါ။

၄။ စိုက်ချိန်စောစောစိုက်ပျိုးရန်ရွေးချယ်သည့် ပဲပုပ်မျိုးကွဲများအတွက် ညွှန်ကြားချက်များကို ထည့်သွင်းစဉ်းစားပါ။

၅။ မျိုးစေ့ရွေးချယ်ခြင်းနှင့် ကာကွယ်ခြင်းပြုလုပ်ပါ။

၆။ မစိုက်မီ ပေါင်းသတ်ဆေးကိုသုံးပါ။

၇။ စိုက်ခင်းများတွင် အကြွင်းအကျန်များကို ထိန်းသိမ်းပါ။

၈။ အဖြူရောင်မှိုကို ထိန်းသိမ်းမွေးမြူပါ။

၉။ ရိတ်သိမ်းချိန် ဆုံးရှုံးမှုများကိုလျစ်လျူမရှုရပါ (ရိတ်သိမ်းချိန်အလေအလွင့်နည်းပါစေ)။

**ပဲပုပ်အတွက် ဓာတ်မြေဩဇာအကြံပြုချက်**

အော်ဂဲနစ်မြေဩဇာများကို ထွန်ယက်ခြင်းမပြုမီ မြေဆီလွှာနှင့် သမအောင်ရောနှောထည့်သင့်သည်။ လိုအပ်ပါက မူလထွန်ယက်ခြင်းမပြုမီ မြေဆီလွှာကို ပြုပြင်ပေးသင့်သည်။ စိမ့်ဝင်နိုင်စွမ်းမြင့်မားသောမြေဆီလွှာများ သို့မဟုတ် အာဟာရအများကို ထိန်းထားနိုင်သည့် မြေဆီလွှာများတွင် ဓာတ်မြေဩဇာများကို နှစ်ကြိမ်မှသုံးကြိမ် ခွဲထည့်သင့်သည်။ သဲမဆန်သောမြေအများစုသည် ထိန်းထားနိုင်မှုနည်းသည့်မြေဆီလွှာများဖြစ်၍ ဓာတ်မြေဩဇာကို တစ်ကြိမ်တည်းထည့်သွင်းနိုင်သည်။ အာဟာရဓာတ်နည်းသောမြေများတွင် မျိုးစေ့အတန်းအနီး၌ ဓာတ်မြေဩဇာကို ထည့်သွင်းခြင်းသည် ပို၍ထိရောက်သည်။

**ပဲပုပ်တွင် ဖြစ်တတ်သော Sudden death syndrome (SDS) လက္ခဏာ**

SDS လက္ခဏာသည် အာဟာရဓာတ်ချို့တဲ့သည့်လက္ခဏာနှင့်ဆင်တူသည်။ မျိုးပွားမှု (R2)၊ ကြီးထွားမှုအဆင့်နောက်ပိုင်းတွင် အရွက်များ အရောင်မညီကွက်ကြားစတင်တွေ့ရပြီး တဖြည်းဖြည်းနှင့် အညိုရောင်ဆဲလ်သေအကွက်များ ဖြစ်ပေါ်လာသည်။ အရွက်တစ်ခုလုံး အညိုရောင်ဖြစ်သွားပြီး လျင်မြန်စွာကြွေကျသွားသည်။ အပင်ပိုင်းဆိုင်ရာကြီးထွားမှုအဆင့်တွင် ပင်စည်အောက်ပိုင်းတွင် အညိုရောင်နှင့်မီးခိုးရောင်အစင်းကြောင်းများတွေ့ရပြီး ပန်းပွင့်ချိန်နှင့် သီးတောင့်ဖြစ်ပေါ်ချိန်တွင် အရွက်များလောင်ကျွမ်းခြင်းကို တွေ့ရသည်။ ပဲပုပ်အမြစ်နှင့် ပင်စည်အောက်ပိုင်းသို့ Fusarium Virguliforme မှိုဝင်ရောက်သဖြင့် မြေဆောင်ရောဂါဖြစ်ပွားတတ်သည်။ သီးနှံအစောပိုင်းကာလတွင် တွေ့ရလေ့ရှိပြီး ပန်းပွင့်များ မအောင်ခြင်း၊ သီးတောင့်များ သေးသွားခြင်းကြောင့် အထွက်နှုန်းလျော့ကျသွားသည်။



ပဲပုပ်တွင်ဖြစ်တတ်သော Sudden death syndrome (SDS) လက္ခဏာ

**ကုစားနည်း**

ရောဂါလက္ခဏာတွေ့ရပါက ထိရောက်သည့် မှိုသတ်ဆေးနှင့် မျိုးစေ့လူးနယ်ခြင်းဆောင်ရွက်ရမည်။ မြေဆီလွှာမကျပ်စေရန် ဂရုပြုရမည်။ ရေသွင်းရေထုတ်ခြင်း ပြုလုပ်ရမည်။ ဂျုံသီးနှံနှင့် သီးလှည့်စိုက်ပျိုးရမည်။

**ပဲပုပ်တွင်မြေဩဇာလောင်ခြင်း**

ပဲပုပ်သီးနှံတွင် မြေဩဇာကိုအရွက်တွင်ဖျန်းခြင်းနှင့် ကြောင်းဆွဲထည့်ခြင်းများဖြင့် မြေဩဇာလောင်ခြင်းဖြစ်နိုင်သည်။ ကြောင်းဆွဲထည့်သည့်အခါ မျိုးစေ့နှင့် မြေဩဇာနီးကပ်စွာရှိခြင်းကြောင့် အမိုးနီးယားအဆိပ်သင့်ခြင်းဖြစ်နိုင်သည်။ သို့သော် ထည့်သွင်းသည့် မြေဩဇာအမျိုးအစားနှင့် ပြင်းအားပေါ်မူတည်သည်။ UAN (Urea Ammonium Nitrate) ကဲ့သို့သော မြေဩဇာကိုကျွေးပါက အရွက်တစ်သျှူးများကို လောင်ကျွမ်းနိုင်သည်။ မြေဩဇာလောင်သည့်အခါ အပင်များမပေါက်ခြင်းနှင့် ပေါက်လာသည့်ပျိုးပင်များ မရှင်သန်နိုင်ခြင်းတို့ဖြစ်လေ့ရှိသည်။

**စီမံခန့်ခွဲနည်း**

မျိုးစေ့နှင့်မြေဩဇာ တိုက်ရိုက်ထိတွေ့မှုမရှိစေရန်သတိပြုရမည်။ အစိုဓာတ်မရှိဘဲ ကြောင်းဆွဲထည့်ခြင်းကိုရှောင်ရှားရမည်။ သီးနှံထိခိုက်မှုနည်းစေရန် Drop Nozzle ခေါင်းကို ရွေးချယ်အသုံးပြုရမည်။

**ပဲပုပ်တွင် ဆားလောင်ခြင်း**

ရေပျော်ဆားများကြောင့် ဆားငန်ဒဏ်ခံရသည့်လက္ခဏာမှာ ရေငတ်သည့်လက္ခဏာနှင့်ဆင်တူသည်။ အပင်မှာညှိုးလာပြီး အရွက်ဧရိယာလျော့ကျသွားသည်။ အရွက်ရင့်များတွင် စတင်တွေ့ရပြီး အစိမ်းဖျော့ရောင်မှ အဝါရောင်ပြောင်းလာသည်။ နောက်ဆုံးတွင် ဆဲလ်သေကွက်ကဲ့သို့ဖြစ်သွားသည်။ မြေဆီလွှာတွင် ဆားများရှိနေပါက ရေသွင်းပြီးနောက် အချိန်တိုအတွင်း အရွက်များလောင်သွားသည်။ ဆားပမာဏများပါက အပင်များသေသွားသည်။ ရေသွင်းစိုက်ပျိုးသည့် ပဲပုပ်များတွင် ပို၍ဖြစ်ပွားလေ့ရှိသည်။ ကလိုရိုဒ်အဆိပ်သင့်ခြင်းကို အရွက်ထိပ်ဖျားများတွင် စတင်တွေ့ရသည်။ ဆိုဒီယမ်ပါဝင်မှုမြင့်မားပါက အရွက်များလောင်ခြင်း၊ အရွက်စွန်းများတစ်လျှောက်တစ်သျှူးများသေသွားသည်။

**စီမံခန့်ခွဲနည်း**

သွင်းရေနှင့် မြေဆီလွှာကို ဓာတ်ခွဲစစ်ဆေး၍ ပြုပြင်ပေးနိုင်သည်။ သွင်းရေနှင့်အတူ ဆားများဖယ်ထုတ်ခြင်း၊ မစိုက်ပျိုးခင် ရေကြိုသွင်းခြင်းများပြုလုပ်ပေးနိုင်သည်။ ထို့ပြင် ဆားငန်ဒဏ်ခံနိုင်သည့်မျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်သည်။ တစ်ဧကလျှင် ဂျစ်ပဆန် ရှစ်ကီလိုဂရမ်မှ ၁၀ ကီလိုဂရမ်ကို သုံးနှစ်လျှင် တစ်ကြိမ်ခန့် ထည့်ပေးခြင်းအားဖြင့် အာဟာရဓာတ်များရရှိမှု ပိုကောင်းစေသည်။ ဓာတ်မြေဩဇာနှင့် နွားချေးကိုအချိုးညီစွာကျွေးခြင်းဖြင့် မြေဆီလွှာတွင် ဆားပေါက်လာမှုဖြစ်စဉ်ကို နှေးသွားစေသည်။

**ပဲပုပ်တွင်ပေါင်းသတ်ဆေးကြောင့်ထိခိုက်မှု**

မြေဆီလွှာထဲတွင် ပေါင်းသတ်ဆေးများအကြွင်းအကျန်များကြောင့် အရွက်ကြောများတွင် အရောင်မညီ ကွက်ကျားများဖြစ်လာပြီး အရွက်ပေါ်တွင် အမြောင်းလိုက်ဖြစ်ပေါ်နေသည်။ ပဲပုပ်ပင်သည် ၂၁ ရက်မှ ရက် ၃၀ အကြာတွင် အထွက်နှုန်းသိသာစွာထိခိုက်မှုမရှိဘဲ ပေါင်းသတ်ဆေးလောင်သည့်လက္ခဏာပျောက်သွားလေ့ရှိသည်။

ပေါင်းသတ်ဆေးဓာတ်ကြွင်းကြောင့် ထိခိုက်မှုနည်းစေရန် ဆေးအညွှန်းများကို သေချာစွာဖတ်ရမည်။ သီးလှည့်စိုက်ပျိုးပေးရမည်။ ပေါင်းသတ်ဆေးဓာတ်ကြွင်း အာနိသင်လျော့ချနိုင်ရန် မြေချဉ်ငန်ကိန်း အသင့်အတင့်အခြေအနေကို ထိန်းသိမ်းပေးရမည်။ မြေကြီးကို ထယ်ထိုးထွန်မွှေခြင်းအားဖြင့် လေဝင်လေထွက်ကောင်းမွန်ပြီး အဏုဇီဝပိုးများလှုပ်ရှားမှု ပိုကောင်းလာသဖြင့် ပေါင်းသတ်ဆေးအာနိသင်ကို လျော့ကျသွားစေသည်။

**ထုံးထည့်ပေးခြင်း၏အကျိုးကျေးဇူးများ**

သင့်လျော်သောထုံးထည့်ခြင်းသည် အကျိုးကျေးဇူးများစွာရနိုင်သည်။ အပင်များသည် အဆိပ်သင့်နိုင်ခြေနည်းသော အလူမီနီယမ်နှင့် ထိတွေ့နိုင်သောကြောင့် ကျန်းမာသန်စွမ်းသော အမြစ်များဖွံ့ဖြိုးလာစေသည်။ အမြစ်ကြီးထွားမှုပိုမိုကောင်းမွန်စေခြင်းသည် မိုးခေါင်ခြင်းကိုခံနိုင်ရည်ရှိစေသည်။ ထုံးသည် ကယ်လ်စီယမ်ရရှိနိုင်သော အရင်းအမြစ်ဖြစ်သည်။

မြေချဉ်ငန်ဓာတ်မြင့်သော pH သည် မြေတွင်းရှိ အပင်အာဟာရဓာတ်ပျော်ဝင်နိုင်မှုကို မြှင့်တင်ပေးသောကြောင့် အပင်များသည် ပိုမိုကောင်းမွန်သော အာဟာရထောက်ပံ့မှုကိုရရှိနိုင်သည်။ အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်ရှိ သတ္တုဓာတ်ပြည့်ဝနေသော မြေဆီလွှာများတွင် စိုက်ပျိုးသောအခါ သီးနှံအများစုအတွက် အကောင်းဆုံး pH သည် ၅ ဒသမ ၈ မှ ၆ ဒသမ ၂ ဟုသိရသည်။ မြင့်တက်လာသောမြေ၏ ဓာတ်ဖိုဖလှယ်နိုင်စွမ်းအားသည် အခြေခံအဖိုဓာတ်များ (အထူးသဖြင့် ပိုတက်စီယမ်) စိမ့်ဝင်ဆုံးရှုံးမှုကိုလျော့နည်းစေသည်။ ထို့ပြင် နိုက်ထရိုဂျင်ထိန်းချုပ်နိုင်စွမ်းကို ပိုမိုကောင်းမွန်စေသည့်အပြင် ပဲပင်၏အမြစ်ဖုဖြစ်ပေါ်ခြင်းကို မြင့်မားစေသည်။ အချို့သော နီမတုပ်ကာကွယ်ဆေးအာနိသင်ကို ပိုကောင်းစေသည်။ သင့်တင့်သော မြေချဉ်ငန်ဓာတ်သည် ပေါင်းသတ်ဆေးအချို့ကိုပြိုကွဲစေပြီး အလှည့်ကျစိုက်ပျိုးသီးနှံများ ပျက်စီးမှုကို ကာကွယ်ပေးသည်။

**ပဲပုပ်သီးနှံစိုက်ပျိုးရေးဂရုပြုရန် အချက်များ**

အောင်မြင်သော ပဲပုပ်စိုက်ပျိုးထုတ်လုပ်ခြင်းတွင် ဦးစွာတစ်ဧက အပင်ရေပြည့်မီရေး၊ ပဲပုပ်ပင်၏အပင်သက်တန်းအလိုက် အဆင့်ဆင့်ကြီးထွားဖွံ့ဖြိုးရေး၊ စိုက်ပျိုးမည့်မြေ၏ ချဉ်ငန်ဓာတ်၊ ပဲပုပ်ပင်ကြီးထွားဖွံ့ဖြိုးစေရန်လိုအပ်သည့် အာဟာရဓာတ်များလေ့လာဖြည့်ဆည်းရေး၊ ပဲပုပ်ပင်အတွက် အကောင်းဆုံးဓာတ်မြေဩဇာဖြည့်ပေးခြင်း၊ အပင်စတင်စိုက်ပျိုးချိန်၌ အစပျိုးမြေဩဇာထည့်သွင်းအသုံးပြုရန် လို၊ မလို၊ အပင်နှစ်သက်သောအာဟာရပုံစံရွေးချယ်ခြင်း စသည်တို့ကို နှံ့နှံ့စပ်စပ်လေ့လာအသုံးချဆောင်ရွက်သင့်သည်။

ထို့ပြင် နေရာဒေသလိုက်၍ မြေဩဇာအသုံးပြုမှုပုံသဏ္ဍာန်ကွာခြားသဖြင့် မိမိဒေသနှင့်အသင့်တော်ဆုံးဖြစ်မည့် မြေဩဇာ၊ အပင်အာဟာရဓာတ်ဖြည့်ဆည်းမှု လိုအပ်ချက်များကို သုတေသနပြုဆန်းစစ်ရှာဖွေ၍ ဒေသကိုက်ညီ မြေဩဇာနှုန်းထားများရွေးချယ်အကြံပြုသင့်သည်။ မြေချဉ်ငန်ဓာတ်အခြေအနေကိုကြည့်၍ မြေချဉ်နေက ထုံးထည့်ပေးသင့်လျှင် ထည့်၍ပြုပြင်ပြီးမှ ပဲပုပ်စိုက်ပျိုးသင့်သည်။

ထွက်ရှိလာသည့် ပဲပုပ်စေ့ကို သယ်ယူပို့ဆောင်သိုလှောင်လုပ်ငန်းတိုင်းတွင်လည်း ပျက်စီးမှုမရှိစေအောင် ဆောင်ရွက်ကြခြင်းဖြင့် ပဲပုပ်အခြေခံထပ်ဆင့်အဆင့်မြင့်ထုတ်ကုန်များ ပြုပြင်ထုတ်လုပ်၍ ထွက်ကုန်တိုးမြင့်စေရေးကို အလေးထားဆောင်ရွက်နိုင်သည်။ စိုက်ပျိုးထုတ်လုပ်မှု၌ လယ်ကွင်းမှသည် စားသုံးသူထံ အရောက်ပို့ဆောင်ရာတွင် လုပ်ငန်းကွင်းဆက်တစ်လျှောက် ဂရုတစိုက်ဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်သောပဲပုပ်သီးနှံထုတ်လုပ်ရေးကို ဖော်ဆောင်နိုင်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- **ပဲပုပ်အထွက်ကောင်းဖို့ရာ နည်းစနစ်မှန်စွာကျင့်သုံးပါ**
- **ပဲပုပ်အထွက်တိုးအောင် ဘယ်လိုပြုစုမလဲ၊ စိုက်ပျိုးရေးရာ နည်းပညာ, (၂၀၁၉)**
- **ဟင်းစားပဲပုပ်စိုက်ပျိုးနည်း၊ လင်းလင်းထွန်း (၂၀၁၉)**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ရေဦး ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်း ၇၁၅၂ ဧက၊ ဖူးစားပြောင်း ၁၀၁၆ ဧက စုစုပေါင်း ၈၁၆၈ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လတတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၇၀၀၉ ဧက၊ ဖူးစားပြောင်း ၂၆၇၁ ဧက စုစုပေါင်း ဧက ၉၆၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ ပြောင်းသီးနှံ စိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်အောင်၊ ပိုးမွှားရောဂါကျရောက်မှု မရှိအောင် အသိပညာပေးဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် အစေ့ထုတ် ပြောင်းနှင့် ဖူးစားပြောင်း သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်တွင်းမြို့နယ် ဆင်စုကျေးရွာ၌ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း စစ်ဆေး

အုတ်တွင်း ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဘန့်ဘွေကျေးရွာအုပ်စု ဆင်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆင်စုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်အတိုင်းအတာ ပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အုတ်တွင်းမြို့နယ် ဆင်စုကျေးရွာ၌ လမ်းအရှည်ပေ ၂၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပေးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင် ၂၅ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဆင်စုကျေးရွာရှိပြည်သူများ သွားလာရေးပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

ကိုညို

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ်ရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇူလိုင်လအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ်ရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဇွန်လအတွင်းက ဇီယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လအတွင်း ဇီယာဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ဇီယာဆန်အမျိုးအစား အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ဇီယာဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဇီယာဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ အများအပြားရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် လတ်တလောအနေနဲ့ ဒီဆန်အမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်" ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန် တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဇီယာဆန်အိတ်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

သာစည် ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ဘုန်းတလုတ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊မရှိစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုန်းတလုတ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၁ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၆ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၂ ဒသမ ၁သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ငွေကျပ် ၅၀ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဇေယျာသီရိမြို့နယ် ရွှေဗဟိုရ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွန်းရောင်းကျေးရွာအုပ်စု ရွှေဗဟိုရ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးရွာမှ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၄၁၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေဗဟိုရ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၄၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၄၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးကို ငွေကျပ်သိန်း ၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၁၀ ထုတ်ချေးပေးခဲ့ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **နော်လူး**

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

# လက်ကိုင်ဖုန်းစွဲလမ်းခြင်းနှင့် နောက်ဆက်တွဲကျန်းမာရေး ဆိုးကျိုးအမျိုးမျိုး

ပေါက်ပေါက်

မျက်မှောက်ခေတ်တွင် လူတစ်ဦးနှင့်တစ်ဦး အချိန်၊ နေရာ၊ ဒေသမရွေး ဆက်သွယ်မှုတို့ကို လုပ်ဆောင်ပေးနိုင်သည်မှာ တယ်လီဖုန်းဖြစ်သည်။ တယ်လီဖုန်းကို မတီထွင်နိုင်မီက သတင်းစကားတစ်ခု အမြန်ဆုံးပို့ဆောင်နိုင်ရန်အတွက် လူတစ်ယောက်က မြင်းစီးပြီး သယ်ယူပို့ဆောင်ကြရသည်။ ပင်လယ်ရပ်ခြားသို့ သတင်းစကားပါးလိုပါက ရွက်သင်္ဘောများဖြင့် ခရီးနှင်ကြရသည်။ ၁၈၇၆ ခုနှစ်တွင် အလက်ဇန်းဒါး ဂရေဟမ်ဘဲလ်၏ တီထွင်မှုကြောင့် လူအများ တယ်လီဖုန်းဖြင့် တိုက်ရိုက်ပြောဆိုနိုင်ခဲ့သည်။ နောက်ပိုင်းတွင် တယ်လီဖုန်းကို အခြေခံသည့် ဆန်းသစ်တီထွင်မှုများကြောင့် ကဏ္ဍအသီးသီး၌ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။

မိုဘိုင်းဖုန်းများ စတင်ပေါ်ပေါက်စဉ်က အထက်တန်းလွှာလူတန်းစားများသာ ကိုင်တွယ်အသုံးပြုနိုင်ခဲ့သော်လည်း ယနေ့ကာလတွင် အခြေခံလူတန်းစားများထိ ဝယ်ယူအသုံးပြုလာနိုင်သည်။ လက်ရှိကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံကျော်သည် တယ်လီဖုန်းသုံးစွဲနေကြပြီး ၎င်းတို့အနက် လူတော်တော်များများသည် ဖုန်းကိုသုံးစွဲရာ၌ အလုပ်သဘောထက် အပျော်အပါးကိစ္စများ၌သာ အာရုံကျက်စားလေ့ရှိသည်။ ပညာရှင်များ၏ လေ့လာချက်မှတ်တမ်းများအရ ဖုန်းကြောင့် ရောဂါရစေနိုင်မှုရာခိုင်နှုန်းမှာ ၉၆ ရာခိုင်နှုန်းထိပင်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကွန်ပျူတာကြောင့် ရောဂါရစေနိုင်မှု ၅၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အီလက်ထရွန်နစ်ကိရိယာများကို အလွန်အကျွံသုံးစွဲခြင်းကြောင့် မျက်စိအဝေးမှုန်ခြင်း၊ မျက်စိခြောက်ခြင်းနှင့်အတူ ဦးနှောက်ပိုင်းဆိုင်ရာပြဿနာများ ပေါ်ပေါက်လာနိုင်သည်။ ဖုန်း စွဲလမ်းခြင်းမှာ နီကိုတင်း၊ အရက်နှင့်မူးယစ်ဆေးဝါးများကို မသုံးစွဲရမနေနိုင် စွဲလမ်းရှူးသွပ်သွားခြင်းနှင့် မခြားနားပေ။

ဖုန်းကို အထိမ်းအကွပ်မဲ့ ကြာမြင့်စွာ ကြည့်ရှုမှုကြောင့် ဖြစ်ပွားနိုင်သောရောဂါများမှာ ဦးနှောက်အကျိတ်ကင်ဆာ၊ အမျိုးသားဖိုမျိုးစေ့မြုံခြင်း၊ နှလုံးရောဂါ၊ အမျိုးသမီးများ သန္ဓေသားလောင်းနှင့်ဆိုင်သောရောဂါ၊ နားကြားမှုအာရုံဆိုင်ရာရောဂါ၊ အယ်လ်ဇိုင်းမားရောဂါ၊ ပါကင်ဆန်ရောဂါတို့ ဖြစ်ကြသည်။

**ဖုန်းကြောင့် အအိပ်ပျက်ခြင်း**

ရှေးကာလများက အိပ်ရာဆိုသည်မှာ နားနားနေနေ အိပ်စက်အသုံးပြုရန်အတွက် သီးသန့်ဖြစ်သည်။ သို့သော် လူတိုင်းနီးပါးအင်တာနက်မီဒီယာများကို သုံးစွဲလာကြပြီဖြစ်ရာ စမတ်ဖုန်း၊ တက်ဘလက်၊ လက်ပ်တော့စသည်တို့ကိုအိပ်ရာထဲထိ ယူဆောင်ကာသုံးစွဲလာခဲ့ကြသည်။ ဖုန်းနှင့်အတူ အိပ်ရာဝင်လေ့ရှိသူများတွင် နောက်ဆက်တွဲဆိုးကျိုးအဖြစ် အောက်ပါတို့ကို မလွဲမသွေ ခံစားရနိုင်သည်–

- အိပ်ရေးပျက်ကာ မျက်စိကြောင်စေသည်။
- ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှု လျော့ကျလာသည်။
- ဖုန်းကို စက်ပိတ်ထားသည့်တိုင်အောင် ၎င်းအီလက်ထရွန်နစ်ပစ္စည်း၏ မျက်နှာပြင်က အလင်းထုတ်လွှင့်နိုင်သေးသည်ဖြစ်ရာ အထူးသဖြင့် ကလေးများမှာအိပ်မပျော်ကျခြင်း မဖြစ်စေနိုင်တော့ပေ။
- ကလေးတွေအိပ်ရာထဲ ဖုန်းနှင့်တူတူ အိပ်စက်ခြင်းက ၎င်းတို့သက်တမ်းတစ်လျှောက် အဝလွန်ခြင်းနှင့် ဆီးချိုရောဂါဖြစ် စေနိုင်ရုံမျှမက၊ အရွယ်မတိုင်မီ ဦးနှောက်ဇရာ အကြိုရောဂါဖြစ်လာရန် သေချာနေပါသည်။
- အိပ်ရေးမဝခြင်းက ဦးနှောက်ထဲရှိ အစာစားချင်စိတ်ကို ချိုးနှိမ်ပေးသည့် ဟော်မုန်းထွက်ရှိမှုကို ကမောက်ကမဖြစ်စေသောကြောင့် ဗိုက်ဆာခြင်းနှင့် အာသာမပြေခြင်းတို့ကို ခံစားလာရသည်။ အထူးသဖြင့် အဆီနှင့် အချိုဓာတ်ကဲသော အစားအစာတွေကိုသာ စားလိုစိတ်ပြင်းပြလာတတ်သည်။ ၎င်း၏ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် အဝလွန်ခြင်းကို ဖြစ်စေသည်။
- ဖုန်းကထုတ်လွှင့်လိုက်သည့် အပြာရောင်အလင်းရောင်စဉ်တန်းက အိပ်စက်ခြင်းကို အနှောင့်အယှက်ပေးသည်။ ၎င်းအလင်းရောင်စဉ်တန်းက ဦးနှောက်ထဲရှိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေနိုင်သည့် မယ်လတိုနင်ဓာတ် ခေါ် ဦးနှောက်ပိုင်းဆိုင်ရာဓာတုပစ္စည်းကို အလွန်အမင်း လှုံ့ဆော်နှိုးဆွပေးနေသဖြင့် အိပ်မရခြင်းကို ဖြစ်စေသည်။



အထူးသတိပြုရန်မှာ–

- သာမန်ညအိပ်မီးလုံးမှ ထွက်ရှိသော အလင်းရောင်စဉ် ကလေးသည်ပင်လျှင် အိပ်မရခြင်းဝေဒနာကို ခံစားရသည်။ ထို့ကြောင့် ဖုန်းမျက်နှာပြင်မှ ထုတ်လွှင့်လိုက်သည့် အပြာရောင် အလင်းတန်းများက ညအချိန်မှာ ကြီးစွာသောကျန်းမာရေးဒုက္ခကိုပေးနိုင်သဖြင့် အလွန်ဆိုးရွားကြောက်မက်ဖွယ်ကောင်းသည့် အိပ်ရေးပျက်ခြင်း မိစ္ဆာတစ္ဆေကို အိပ်ရာထဲထားမအိပ်သင့်ပေ။
- လူမှုရေးနှင့် ဘဝကျွမ်းကျင်မှုဆိုင်ရာများ ဖွံ့ဖြိုးမှုနှေးကွေးလာခြင်းနှင့်အတူ ယုံကြည်မှု ကျဆင်းခြင်းပြဿနာ၊ စိုးရိမ်သောကရောက်တတ်သောပြဿနာများလည်း ရင်ဆိုင်လာရသည်။

ဆယ်ကျော်သက် လူငယ်အများစုသည် ဟန်းဖုန်းအပေါ်မှာ နှစ်သက်စွဲလမ်းလွန်းသဖြင့် ဖုန်းမပါဘဲ အိပ်ရာမဝင်တတ်ကြတော့ပေ။ ညစဉ်၊ ညတိုင်းအိပ်ရာထဲမှာ ဖုန်းဖြင့်ဂိမ်းကစားခြင်း၊ စာရိုက်ခြင်း၊ အပြန်အလှန်စကားပြောခြင်းများကြောင့် အိပ်စက်ချိန်နောက်ကျလေ့ရှိကြပြီး နောက်တစ်နေ့နံနက် ကျောင်းစာသင်ခန်းထဲရောက်သည့်အခါ သန်းဝေငိုက်မျဉ်းခြင်း၊ အိပ်ရေးမဝဖြစ်ကာ ကျောင်းစာအပေါ်မှာ အာရုံမစိုက်နိုင်တော့ပေ။ ထိုသို့စွဲလမ်းခြင်းသည် ပညာရေးကို ထိခိုက်လာစေသည့်အပြင် ကျန်းမာရေး၊ လူမှုရေးတွေမှာပါ ပြဿနာရှိလာနိုင်သည်။

ဆယ်ကျော်သက်အရွယ်များ ညဘက်ဖုန်းအသုံးပြုခြင်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုရှိ Rutgers New Jersey Medical School မှ Dr.Xue Ming က "လူငယ်တွေ အီလက်ထရွန်နစ်ပစ္စည်းတွေပေါ်မှာ စွဲလမ်းလွန်းနေတာကို လူကြီးမိဘတွေအနေနဲ့ လမ်းကြောင်းမှန်ကို တည့်မတ်စောင့်ကြပ်ပေးဖို့ လိုပါတယ်။ သူတို့လေးတွေ ဖုန်းစွဲနေတာဟာ အိပ်ရာဝင်ချိန်နောက်ကျသွားတာမို့လို့ အိပ်ရာထချိန်လဲမမှန်တော့ဘူး။ အဲဒီအခါမှာ ကျောင်းစာတွေ မလိုက်နိုင် ဖြစ်ကုန်ကြတယ်။ လေ့လာဆန်းစစ်မှုမှတ်တမ်းအရ အသက် ရှစ်နှစ်မှ ၁၈ နှစ်ကြား ဆယ်ကျော်သက်တွေမှာ အီလက်ထရွန်နစ်သုံးစွဲချိန်ဟာ ပျမ်းမျှ တစ်နေ့ကို ခုနစ်နာရီမှ ခုနစ်နာရီခွဲ လောက်ကြာအောင် သုံးနေကြတာကို တွေ့နေရပါတယ်" ဟု ဆိုသည်။

ဆက်လက်၍ Dr. Xue Ming က "ကျောင်းသူ၊ ကျောင်းသားတွေအနေနဲ့ တစ်ညကို နာရီဝက်ထက် ပိုပြီး ဖုန်းမသုံးသင့်ပါဘူး။ ဆယ်ကျော်သက်အရွယ်တွေသာမက လူကြီးပိုင်းတွေမှာလဲ ညဘက် အိပ်မပျော်လို့ဆိုပြီး ဆေးရုံကိုလာပြကြတဲ့ လူနာအများစုဟာ စမတ်ဖုန်းတွေကို ညဘက် အသုံးများသူတွေဖြစ်နေတာကို တွေ့ရပါတယ်" ဟု ဆိုထားသည်။

ထိုသို့ စမတ်ဖုန်းစွဲလမ်းမှုပြဿနာနှင့် ပတ်သက်ပြီး New Jersey Medical School မှ သုတေသီအဖွဲ့တစ်ဖွဲ့သည် လူဦးရေ ၁၅၃၇ ဦးကို လေ့လာခဲ့ရာ ဖုန်းထဲမှထွက်ရှိသော အီလက်ထရွန်နစ် အပြာရောင်အလင်းတန်းသည် လူကိုအိပ်ချင်စိတ်ဖြစ်ပေါ်စေသည့် ဦးနှောက်မှ မယ်လတိုနင်ဓာတ်ထွက်ရှိလာမှုကို ဟန့်တားပစ်လိုက်သဖြင့် အိပ်ချင်စိတ်ကို တဖြည်းဖြည်း နောက်ဆုတ်သွားစေကြောင်း လေ့လာတွေ့ရှိရသည်။

ထို့မျှမက ညအမှောင်ထဲမှာ မျက်စိမှိတ်ပြီး ဖုန်းပြောခြင်းကလည်း အိပ်စက်မှုကို ထိခိုက်စေသည်။ အဘယ်ကြောင့်ဆိုသော် စမတ်ဖုန်းကထွက်ရှိသည့် အီလက်ထရွန်နစ် အပြာရောင်အလင်းတန်းက မျက်ခွံမှတစ်ဆင့် ထိုးဖောက်ဝင်ရောက်သွားပြီး အာရုံခံအဖွဲ့အစည်းကို ကမောက်ကမဖြစ်စေကာ အိပ်ချင်စိတ်ကို ကြီးစွာသော အနှောင့်အယှက်ဖြစ်စေသည်။ ထို့ကြောင့် ညဘက်စမတ်ဖုန်းများကို သုံးစွဲသည့်အခါ လျှပ်စစ်မီးအလင်းရောင်ရရှိနိုင်သော နေရာမှာသာ သုံးစွဲသင့်သည်။ ၎င်းလျှပ်စစ်မီးအလင်းရောင်က ဖုန်းထဲမှယိုစိမ့်ထွက်လာသည့် အပြာရောင်အလင်းတန်းကို တန်ပြန်တိုက်ထုတ်ပေးနိုင်၍ ဦးနှောက်မှ မယ်လတိုနင် ဓာတ်ထွက်ရှိလာမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေကာ အိပ်မပျော်ခြင်းပြဿနာကို သက်သာပြေလျော့စေနိုင်သည်။

သို့ပါ၍ ညဘက်ဖုန်းကြာကြာပြောခြင်း သို့မဟုတ် ဂိမ်းကစားခြင်းများကို ရှောင်ကြဉ်သင့်သည်။ လူငယ်အရွယ်တွေမှာ ဘက်စုံကျန်းမာရေးအတွက် တစ်ညကို ရှစ်နာရီ သို့မဟုတ် ရှစ်နာရီခွဲခန့်ကြာအောင် အိပ်ရေးဝဝ အိပ်စက်သင့်သည်။ လူကြီးမိဘများအနေဖြင့်လည်း သားသမီးများ ညအချိန်ခါ ဖုန်းသုံးခြင်းကိုသတိပြုစောင့်ကြပ် လေ့လာသင့်သည်။

ကလေးများ အိပ်ရေးမပျက်စေရေးအတွက် မိဘများကလည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မိဘများကိုယ်တိုင် ဖုန်းကို အိပ်ရာထဲထည့်၍ အသုံးပြုနေခြင်းက သားသမီးများအတွက် မှားယွင်းသော အတုယူမှုဖြစ်စေသည်။ အထက်ဖော်ပြပါ အိပ်ရေးပျက်ခြင်းဆိုင်ရာ ကျန်းမာရေးပြဿနာမျိုးကို ဆယ်ကျော်သက်ရွယ်များသာမက၊ အရွယ်ရောက်ပြီးသူ လူကြီးများလည်း မလွဲမသွေကြုံတွေ့ခံစားရနိုင်သည်။ ထို့ကြောင့် အင်္ဂလန်နိုင်ငံမှ လူထုကျန်းမာရေးအသင်းအဖွဲ့တစ်ခုမှ ဆယ်ကျော်သက်များကိုဦးတည်၍ ပညာပေးဆောင်ပုဒ်တစ်ခု ထုတ်ပြန်ခဲ့သည်။ ၎င်းဆောင်ပုဒ်မှာ FOMO (fear of missing out) ဖြစ်ပြီး ညအိပ်ရာဝင်ခါနီးတိုင်း ဖုန်းကိုပိတ်ထားကြရန် တိုက်တွန်းထားခြင်းဖြစ်သည်။

**ဟန်းဖုန်းသုံးစဉ် သတိယှဉ်**

တိုးတက်ခေတ်မီလာသော အင်တာနက်ခေတ်ရေစီးကြောင်းနှင့်အညီ စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သောဆယ်နှစ်ကျော်ခန့်စ၍ လူတန်းစေ့နီးပါး ဟန်းဖုန်းကိုင်နိုင်သော အခွင့်အရေးရှိလာခဲ့သည်။ သာရေး၊ နာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးစသည့် လူမှုရေးရာကိစ္စအရပ်ရပ်အတွက် အချိန်မရွေးအသုံးပြုနိုင်သဖြင့် ဟန်းဖုန်းက အလွန်အရေးပါအရာရောက်ကာ အသုံးတည့်လှသည်။

ဟန်းဖုန်းသုံးစွဲခြင်းအန္တရာယ်နှင့် ပတ်သက်၍ အချို့သူများက သိထားကြပြီးဖြစ်သကဲ့သို့ အခြားမသိသေးသောလူအများစုအတွက် အကြံပြုမျှရပါလျှင် ဖုန်းကို ဘယ်ဘက်နားဖြင့်သာ နားထောင်ပါ။ ဖုန်းဘက်ထရီအား အနည်းငယ်မျှသာကျန်ရှိနေပါလျှင် ဖုန်းနားမထောင်ပါနှင့်။ ထိုအချိန်တွင် ရေဒီယိုသတ္တိကြွနှုန်းက ပုံမှန်ဘက်ထရီအားပြည့်ချိန်ထက် အဆ ၁၀၀၀ မျှအကြားအာရုံကို ဝန်အားပိစေပါသည်။ ဖုန်းကို ခေါင်းအုံးအောက်ထား၍ မအိပ်ပါနှင့်။ ဟန်းဖုန်း၏ ထောင့်စွန်းမှရေဒီယိုသတ္တိကြွဓာတ်များက အချိန်ပြည့်ထုတ်လွှတ်နေသဖြင့် ဦးနှောက်ကို ထိခိုက်စေကာ ဦးနှောက်အကျိတ်၊ ကင်ဆာဖြစ်စေတတ်သည်။ ညဘက်အိပ်ပျော်နေစဉ် ဟန်းဖုန်းမှထုတ်လွှတ်သော ရေဒီယိုသတ္တိကြွဓာတ်များအန္တရာယ်မှလျော့ကျစေရန်အတွက် ဖုန်းကို ခပ်လှမ်းလှမ်းနေရာတွင် တင်ထားပါ။ ဖုန်းကို နားနှင့်ကပ်၍ နားမထောင်ဘဲ speaker (စပီကာ) ကိုသာဖွင့်ပြောပါ။ ဖြစ်နိုင်လျှင် ဖုန်းမပြောဘဲ မက်ဆေ့ပို့သုံးပါ။ နံနက်နှိုးစက်အတွက် ဟန်းဖုန်းကိုအသုံးပြုမည်ဆိုပါက "Airplane mode"(ခလုတ်) ကို နှိပ်၍သုံးပါ။

အချုပ်ဆိုသော် လက်တစ်ဝါးမျှသာရှိသော လက်ကိုင်ဖုန်းလေးက ဆက်သွယ်ရေးအတွက် ကောင်းကျိုးပြုပေးသကဲ့သို့ ဘေးထွက်ဆိုးကျိုးလည်းများလှသည်။ မိသားစုစုံညီ အတူရှိနေကြပါလျက် ဖုန်းကိုယ်စီကြည့်ကာ ဆွေးနွေးမှုကင်းသော စည်းခြားထားသည်။ ၎င်းနှင့်အတူ ဖုန်းအသုံးပြုခြင်းကြောင့် ငွေကုန်ကြေးကျများလာသည်။ ထို့ပြင်အချို့ကလည်း တစ်ညလုံး ဖုန်းဘက်ထရီအားသွင်းထားမိခြင်း သို့မဟုတ် ကြွပ်ကြွပ်အိတ်ထဲ ဖုန်းထည့်၍ အားသွင်းခြင်းတို့ကြောင့် မီးဘေးအန္တရာယ်ကြုံရသည်။ထို့ကြောင့် ညအိပ်ရာဝင်ခါနီး ဖုန်းကိုလုံးဝပိတ်ထားခြင်းက ဘေးအကင်းဆုံးဖြစ်ပါကြောင်းနှင့် နိစ္စဓူဝလူမှုဘဝတွင် ဖုန်းကမရှိမဖြစ်ဆိုသော်လည်း အလွန်ဖက်တွယ်ထားခြင်းမျိုးကို ဆင်ခြင်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# အလယ်အာရှဒေသ၏ တည်ငြိမ်အေးချမ်းမှုကိုအထောက်အကူပြုနေသော စိုက်ပျိုးရေးလုပ်ငန်း

ကမ္ဘာလုံးဆိုင်ရာ အရောင်းကွင်းဆက် ကျဆင်းလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် နယ်စပ်ဖြတ်ကျော်ပျံ့နှံ့လာလျက်ရှိသောကြောင့် စားနပ်ရိက္ခာဖူလုံရေးစနစ်များသည် မဟာဗျူဟာမြောက်စီမံကိန်းများ၏ အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်လာခဲ့သည်။ နယ်စပ်ဖြတ်ကျော်လမ်းကြောင်းများ၊ ဒေသအတွင်း ဟန်ချက်ထိန်းညှိဆောင်ရွက်မှုများအတွက် အစဉ်အလာအားဖြင့် လူသိများနေသော အလယ်အာရှဒေသသည် လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာကဏ္ဍကို အလေးထားဆောင်ရွက်မှု အားနည်းလျက်ရှိသည်။ သို့သော် အလယ်အာရှဒေသ ပြုပြင်ပြောင်းလဲမှုကို လေ့လာကြည့်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းသည် မေးမှိန်ပျောက်ကွယ်သွားခြင်း မရှိဘဲ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများလုပ်ဆောင်ချိန်၌ တစ်ပြိုင်တည်းလုပ်ဆောင်လျက်ရှိသည်။ အဆိုပါ ပြုပြင်ပြောင်းလဲမှုကြံ့ကြံ့ခံနိုင်မှုသည် အလယ်အာရှဒေသ၏ အနာဂတ်စီးပွားရေးကို ပုံဖော်တည်ဆောက်သွားမည်ဖြစ်သည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အလယ်အာရှဒေသ ငါးနိုင်ငံ၌ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းတို့တွင် GDP ကျဆင်းခဲ့သည်။ အလယ်အာရှဒေသ၏ စက်မှုလုပ်ငန်းဦးဆောင်နိုင်ငံဖြစ်သည့် ကာဇက်စတန်နိုင်ငံသည် အဆိုပါကာလအတွင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တွင် ၅ ဒသမ ၄ ရာခိုင်နှုန်းမှ ၃ ဒသမ ၉ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။ ထိုသို့ကျဆင်းလာမှုသည် စွမ်းအင်၊ အုပ်ချုပ်ထောက်ပံ့မှုနှင့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းဆီသို့ ဦးတည်ပြောင်းလဲလာမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိပြီး ဖွံ့စည်းမှုပိုင်းဆိုင်ရာတိုးတက်မှု၏ အမှတ်သင်္ကေတလည်းဖြစ်သည်။

ထိုသို့ စိုက်ပျိုးရေးလုပ်ငန်းများ ကျဆင်းလာလျက်ရှိသော်လည်း ကာဇက်စတန်နိုင်ငံသည် ဒေသ၏ထိပ်တန်း ဂျုံ၊ စပါး တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ဂျုံ၊ စပါး ၆၀ ရာခိုင်နှုန်းခန့်သည် ဥဇဘက်ကစ္စတန်နိုင်သို့ တင်ပို့လျက်ရှိပြီး ကျန်ကောက်ပဲသီးနှံများအနက် ၁၈ ရာခိုင်နှုန်းကို တာဂျစ်ကစ္စတန်သို့လည်းကောင်း၊ ၁၄ ရာခိုင်နှုန်းကို ကာဂျစ်စတန်သို့လည်းကောင်း၊ ၆ ရာခိုင်နှုန်းကို တာ့ခ်မန်နစ္စတန်သို့လည်းကောင်း တင်ပို့လျက်ရှိသည်။ GDP အချိုးအစားတွင် စိုက်ပျိုးရေးလုပ်ငန်း၏ပါဝင်မှုသည် ကျဆင်းလာလျက်ရှိသော်လည်း စားနပ်ရိက္ခာတင်ပို့မှုသည် မြင့်တက်လာလျက်ရှိသည်။

ထို့ပြင် ဥဇဘက်ကစ္စတန်နိုင်ငံသည် သိသာထင်ရှားသော ပြုပြင်ပြောင်းလဲမှုဖြစ်ပေါ်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ၂၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၈ ဒသမ ၃ ရာခိုင်နှုန်းထိကျဆင်းလာခဲ့သဖြင့် တိုင်းပြည် GDP တွင် စိုက်ပျိုးရေးလုပ်ငန်းမှ ပါဝင်မှုအချိုးအစားသည် ၂၀ ရာခိုင်နှုန်းကျဆင်းလာခဲ့သည်။ တိုင်းပြည်စီးပွားရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကမောင်းနှင်အားမဟုတ်တော့ဘဲ ဘက်ပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်လာခဲ့ရာ ဝန်ဆောင်မှု၊ စက်မှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများအပေါ် အဓိကအလေးထားသည့် ပြုပြင်ပြောင်းလဲမှုကြိုးပမ်းမှုများတွင် တစ်စိတ်တစ်ဒေသအနေဖြင့်သာ ရပ်တည်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာထုတ်လုပ်မှုတို့သည် လုပ်သားအင်အားစု၏ ၂၅ ရာခိုင်နှုန်းခန့်ရှိနေသောကြောင့် ပြုပြင်ပြောင်းလဲမှုကို ဖော်ညွှန်းလျက်ရှိသည်။

ကာဇက်စတန်နိုင်ငံ၏အခြေအနေသည် ပိုမိုသိမ်မွေ့လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းကို ၁၂ ဒသမ ၂ ရာခိုင်နှုန်းမှ ၈ ဒသမ ၆ ရာခိုင်နှုန်းထိ လျှော့ချခဲ့သည်။ ရေရှားပါးပြတ်လပ်မှုများ၊ ကျေးလက်ဒေသမှ မြို့ပြဒေသသို့ ပြောင်းရွှေ့နေထိုင်မှုများနှင့် အစိုးရ၏ စွမ်းဆောင်ရည်ကန့်သတ်ချက်တို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် တိုးတက်မှုကျဆင်းလာခြင်းဖြစ်သည်။ လက်ရှိဖွံ့ဖြိုးတိုးတက်မှုများကို အဆင့်မြင့်ဝန်ဆောင်မှုများနှင့် နည်းပညာကဏ္ဍများပေါင်းစပ်ခြင်းမရှိလျှင် ဟန်ချက်ထိန်းညှိနိုင်မှုမရှိဘဲ ဆုတ်ယုတ်မှုဆီသို့ ဦးတည်စေနိုင်မည်ဖြစ်သည်။

သို့သော် အဆိုပါကာလအတွင်း တာ့ခ်မန်နစ္စတန်နိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍတွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၁ ဒသမ ၁ ရာခိုင်နှုန်းထိသာ ကျဆင်းခဲ့သောကြောင့် နိုင်ငံ၏စီးပွားရေးပုံစံအားလုံးတွင် ပြောင်းလဲမှုအနည်းငယ်သာဖြစ်ပေါ်ခဲ့သည်။ သဘာဝဓာတ်ငွေ့နှင့် အကြီးစားစီမံကိန်းများအပေါ် အစိုးရ၏အထူး



အလယ်အာရှဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

အာရုံစိုက်ဆောင်ရွက်မှုသည် စိုက်ပျိုးရေးကိုအခြေခံသောစားနပ်ရိက္ခာစနစ်ဖွံ့ဖြိုးတိုးတက်မှုကိုနောက်ကျစေခဲ့သည်။ ဝန်ဆောင်မှုလုပ်ငန်းများ အားနည်းနေဆဲဖြစ်နေသည့်အချိန်တွင် ကျေးလက်ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် မူဝါဒပိုင်းဆိုင်ရာပံ့ပိုးမှုနည်းပါးစွာဖြင့် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရလျက်ရှိသည်။

တာဂျစ်ကစ္စတန်နိုင်ငံတွင် GDP ၌ စိုက်ပျိုးရေးလုပ်ငန်း၏ပါဝင်မှုအချိုးအစားသည် ပြောင်းလဲမှုမရှိဘဲ ၂၀၂၀ ပြည့်နှစ်တွင် ၂၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၂၂ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။ ထိုသို့တည်ငြိမ်နေခြင်းသည် တိုင်းပြည်၏ အကန့်အသတ်ဖြင့် စီးပွားရေးပြောင်းလဲနေမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် တိုးတက်မှုရှိခြင်းကြောင့်မဟုတ်ဘဲ အခြားသောကဏ္ဍများတွင် အောင်မြင်မှုမရရှိသောကြောင့် ဦးဆောင်မှုနေရာတွင် ရပ်တည်လျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်း ကျဆင်းလာခြင်းသည် စီးပွားရေးတိုးတက်မှုကို တိုက်ရိုက်ဖော်ပြခြင်းမရှိကြောင်း တာဂျစ်ကစ္စတန်၏အလားအလာက ဖော်ပြလျက်ရှိသည်။ တချို့သောကိစ္စရပ်များတွင် ဥဇဘက်ကစ္စတန်နိုင်ငံကဲ့သို့ပင် မဟာဗျူဟာမြောက် ခေတ်မီအဆင့်မြှင့်တင်ခြင်းကို ရည်ညွှန်းဖော်ပြနေမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကာဂျစ်စတန်နှင့် တာ့ခ်မန်နစ္စတန်နိုင်ငံတို့တွင် စနစ်တကျလျစ်လျူရှုထားမှုကိုညွှန်ပြလျက်ရှိသည်။ သို့သော် ပြောင်းလဲမှုမရှိသည့် တာဂျစ်ကစ္စတန်နိုင်ငံတွင် စွန့်စားရနိုင်သည့် အန္တရာယ်များအဖြစ် တွယ်လျက်ရှိပြီး တိုင်းပြည်ကို ကုန်ထုတ်လုပ်မှုနိမ့်ကျစေမည့်အပြင် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုလည်း ခံစားရစေမည်ဖြစ်သည်။

အလယ်အာရှဒေသရှိ စိုက်ပျိုးရေးလုပ်ငန်း၏ မဟာဗျူဟာမြောက်အရေးပါမှုသည် GDP တွင် ပါဝင်မှုထက်ပိုမိုလျက်ရှိသည်။ အလယ်အာရှဒေသသည် ရေရှားပါးမှုနှင့် ဆိုးဆိုးရွားရွားရင်ဆိုင်ရလျက်ရှိပြီး လွန်ခဲ့သော ၁၅ နှစ်အတွင်း လူတစ်ဦးချင်း၏ရေသွင်းစိုက်ပျိုးမြေသည် ၂၅ ရာခိုင်နှုန်းကျော် ကျဆင်းလာခဲ့သည်။ ရေခဲတောင်များ လျင်မြန်စွာအရည်ပျော်လာခြင်းသည် လယ်ယာစိုက်ပျိုးမြေဟက်တာ ၁၀ သန်းကျော်ကိုထိခိုက်စေလာနိုင်သည်။ တစ်ချိန်တည်းမှာပင် လူဦးရေတိုးပွားလာမှုနှင့် မြို့ပြတည်ဆောက်မှုများသည် စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် အလုပ်အကိုင်လိုအပ်ချက်များကို မြင့်တက်လာစေလျက်ရှိသည်။

အဆိုပါဖြစ်ရပ်များစွာကြောင့် ဒေသတွင်းစားနပ်ရိက္ခာစနစ်များသည် ပုံမှန်လည်ပတ်ရန် ခက်ခဲလာလျက်ရှိသည်။ နိုင်ငံအများစုသည် ပြည်ပမှတင်သွင်းရသည့် ဓာတ်မြေသြဇာများအပေါ် မှီခိုအားထားနေရပြီး စားနပ်ရိက္ခာအုပ်ချုပ်ပံ့ပိုးမှုများသည် တိုးတက်မှုနှေးကွေးနေသည့်အပြင် ပြည်ပတင်ပို့မှုအခွင့်အလမ်းများသည် လုပ်ထုံးလုပ်နည်းလိုအပ်ချက်များနှင့် စိုက်ပျိုးရေးထုတ်ကုန်များ ဇီဝပိုးမွှားကင်းစင်မှုလိုအပ်ချက်များကြောင့် ကန့်သတ်ချက်များဖြစ်ပေါ်လျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးကို အခြေခံသောစားနပ်ရိက္ခာကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုသည် ပုံမှန်မရှိဘဲ လုပ်ခလစာနည်းပါးလျက်ရှိပြီး အထူးသဖြင့် အမျိုးသမီးတွင် လုပ်အားခပို၍နည်းပါးလျက်ရှိသည်။

ဆန်းသစ်တီထွင်မှုများသည် ရှေ့ပြေးစီမံကိန်းများအပေါ်တွင် တည်မှီလျက်ရှိသည်။ တိကျသောစိုက်ပျိုးရေးလုပ်ငန်း၊ ဒစ်ဂျစ်တယ်ရေသွင်းစိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးခြင်းကဲ့သို့သော နည်းပညာများ ရရှိနိုင်သော်လည်း ထိုနည်းပညာများကို အသုံးပြုမှုနည်းပါးလျက်ရှိသည်။ တိုးမြှင့်လာသော ပြည်သူ့ရင်းနှီးမြှုပ်နှံမှုနှင့် စီမံခန့်ခွဲမှုတို့တွင် ပြုပြင်ပြောင်းလဲမှုများမရှိလျှင် တီထွင်ဆန်းသစ်မှုသည် ရေပန်းစားမှုအတွက်သာဖြစ်လာမည်ဖြစ်သည်။

အလယ်အာရှဒေသအနေဖြင့် ကြံ့ကြံ့ခံနိုင်သောအားလုံးအကျုံးဝင်ပြီး လိုက်လျောညီထွေရှိသောစီးပွားရေးတည်ဆောက်သွားမည်ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်းကို လက်လျှော့သွားရမည်မဟုတ်ဘဲ ပြန်လည်ဆန်းသစ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ စိုက်ပျိုးရေးကိုအခြေခံသော စားနပ်ရိက္ခာထုတ်လုပ်မှုဆိုင်ရာမူဝါဒအင်စတီကျူးရှင်းများ အဆင့်မြှင့်တင်ရေးသည် ဒေသခံများအတွက်သာ စိုးရိမ်ပူပန်စရာမဟုတ်ဘဲ လုပ်သား၊ ကုန်သွယ်မှု၊ ရေနှင့် ရာသီဥတုနှင့်လိုက်လျောညီထွေမှုတို့နှင့် ဆက်နွှယ်နေသော မဟာဗျူဟာမြောက်စနစ်တစ်ခုလည်းဖြစ်နေသည်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးများသည် စိုက်ပျိုးရေးကို အခြေခံသောစီမံခန့်ခွဲမှု၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်နှင့် ပညာရေးအပါအဝင် ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်မှုတို့အတွက် ဝန်ကြီးအဆင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှု မူဝါဒများကို ပြောင်းလဲဖော်ဆောင်သွားရန် လိုအပ်ပေသည်။

ကျေးလက်ဒေသ စွမ်းဆောင်ရည်ကိုလည်း ပြန်လည်တည်ဆောက်သွားရန် လိုအပ်လျက်ရှိပြီး အသက်မွေးဝမ်းကျောင်းသင်တန်း၊ ချေးငွေရရှိခြင်း၊ မြေယာပိုင်ဆိုင်ခွင့်များ၊ အထူးသဖြင့် အမျိုးသမီးများ၏မြေယာပိုင်ဆိုင်ခွင့်နှင့် ကျေးလက်အခြေခံအဆောက်အအုံများအပါအဝင် အအေးခန်းသိုလှောင်ရုံများနှင့် ဆန်းသစ်တီထွင်သော ရေသွင်းစိုက်ပျိုးရေးစနစ်များပါဝင်သည်။ သာဓကအနေဖြင့် ဥဇဘက်ကစ္စတန်၏ သစ်သီးဝလံပန်းမန်စိုက်ပျိုးမှုသုတေသနစီမံကိန်းသည် အတိုးနှုန်းသက်သာသော ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အလုပ်အကိုင် ၃၄၅၀၀ ကို ဖန်တီးပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် ၄၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။ အဆိုပါ အချက်အလက်များသည် ကိန်းဂဏန်းမျှသာမဟုတ်ဘဲ စိုက်ပျိုးရေးလုပ်ငန်း ပြုပြင်ပြောင်းလဲမှုသည် စီးပွားရေးဆိုင်ရာစီမံကိန်းသို့ပေါင်းစည်းသွားမည်ဖြစ်သည်။

နောက်ဆုံးအချက်အနေဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများသည် လက်တွေ့ဆန်ရန် လိုအပ်သည်။ စားနပ်ရိက္ခာလုံခြုံမှုသည် နိုင်ငံများ၏နယ်မြေအတွင်း၌သာ အောင်မြင်အောင်လုပ်ဆောင်နိုင်မည် မဟုတ်ချေ။ မျိုးစေ့သိုလှောင်ခြင်းများ၊ ဒေသအလိုက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းများ၊ ရေသုံးစွဲမှုဆိုင်ရာ သံခင်းတမန်ခင်းယန္တရားများနှင့် စိုက်ပျိုးအုပ်ချုပ်ထောက်ပံ့မှုများတွင် ပူးတွဲရင်းနှီးမြှုပ်နှံမှုများသည် များစွာအရေးပါလျက်ရှိသည်။ ရာသီဥတုဆိုင်ရာဖိအားများမြင့်တက်လာသောကြောင့် အလယ်အာရှဒေသများသည် အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်လာပြီဖြစ်သည်။

အလယ်အာရှဒေသတွင် စိုက်ပျိုးရေးကိုအခြေခံသည့် စားနပ်ရိက္ခာပြောင်းလဲတိုးတက်ထုတ်လုပ်မှုသည် ရာသီဥတုပြောင်းလဲမှုနှင့် အင်စတီကျူးရှင်းပိုင်းဆိုင်ရာနှောင့်နှေးကြန့်ကြာမှုများကြောင့် အောင်မြင်မှုရရှိရန် အာမခံချက်မရှိသေးပေ။ သို့သော် အလယ်အာရှဒေသအနေဖြင့် ပြုပြင်ပြောင်းလဲမှု၊ ကြံ့ကြံ့ခံနိုင်မှုနှင့် ဒေသတွင်းစိတ်ဓာတ်တို့ဖြင့် အကောင်အထည်ဖော်သွားမည်ဆိုလျှင် အနာဂတ်၌ စားနပ်ရိက္ခာသည် အာဟာရနှင့် ကုန်သွယ်မှုအတွက်သာမက မဟာဗျူဟာမြောက်အဖြစ်လည်း ရပ်တည်လာနိုင်မည်ဖြစ်ပေသည်။ လယ်ယာမြေများသည် အလယ်အာရှဒေသ၌ GDP တွင် သိသိသာသာ လွှမ်းမိုးမှုမရှိတော့သည့်တိုင်အောင် လာမည့်ဆယ်စုနှစ်များတွင် အာရှဒေသတွင်းနိုင်ငံများ တည်ငြိမ်မှုကို အဆုံးအဖြတ်ပေးသွားလိမ့်မည် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **What Does the Decline of Agriculture Really Mean for Central Asia’s Stability? by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

## ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ မေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/cadets)နှင့် Myanmar National Portal(www.myanmar.gov.mm/documents)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး)ဗိုလ်လောင်းလျှောက်လွှာများအား ၂၈-၇-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၅-၉-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



## ဆားလင်းကြီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၉၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၉၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၄၁၅ ကေ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် မေလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၉၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ စပါး ကေ ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါး စိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

## မြဝတီမြို့နယ် ဖားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဩဂုတ် ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ မြဝတီမြို့နယ် ဖားချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဖားချောင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းဇယားပုံစံများ မှန်ကန်စွာ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူးက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဖားချောင်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၂ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကိုငွေကျပ် ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား ...



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၄)ရပ်ကွက်၊ အကွက်အမှတ်(၃၅)၊ သပြေပင်ရပ်၊ ဦးပိုင်အမှတ်(N-15)ရှိ ဘိုးဘပိုင်မြေကွက်ပေါ်တွင် ဦးလင်းလင်းထွန်း(၉/မခန(နိုင်)၂၅၅၃၅)ကိုင်ဆောင်သူမှ အလျား ၁၄'-၀"၊ အနံ ၂၀'-၀" ရှိ RC (၂)ထပ်အဆောက်အဦးအား ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်လွှာခေါ်ယူခြင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ်(၄-၅)ရှိ မြေကွက်ပေါ်တွင် ဒေါ်ကြင်သောင်း(၉/မခန(နိုင်)၀၆၅၇၄၂)ကိုင်ဆောင်သူမှ အလျား ၁၆'-၀"၊ အနံ ၂၁'-၀" ရှိ ထရံကာ-၁၊ အုတ်-၁ အဆောက်အဦးဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်ပင်လယ်ရပ်ကွက်(cc-၅/၈၉ က)နေ (ဦးဇော်မင်းထွန်း)နှင့်ဒေါ်ခင်သူဇာတို့၏သမီး မမီမီသော်(၉/ခမစ(နိုင်)၀၅၄၃၀၉)သည် မိဘများခွင့်မလွှတ်နိုင်သော အပြုအမူများပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မိခင်
ဒေါ်ခင်သူဇာ
၉/မရတ(နိုင်)၀၉၁၀၇၉

MDY-1W
32185
ဆိုင်ကယ်သော့အတွဲလိုက်
ပျောက်သွားပါ၍
09-2007010
09-2038620
09-779700742
ဖုန်းနံပါတ်များသို့
အကြောင်းကြားပေးပါရန်။
ကျေးဇူးဆပ်ပါမည်။

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၇၊
၀၆၇-၈၁၀၃၃၄၄၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ မိမိတိုင်းပြည်အတွက်၊ မိမိပြည်သူအတွက်၊ မိမိနိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် မိမိအသက်ခန္ဓာကို ပေးလှူ စွန့်စားခြင်းဆိုတာကတော့ အာဇာနည်သူရဲကောင်းစိတ်ဓာတ် ပိုင်ရှင်တွေသာပြုမူနိုင်ကြတဲ့ အမူအကျင့်ပဲဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော နှစ် ၈၀ ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နှစ်ပေါင်း ၁၂၅ နှစ်သက်တမ်းရှိ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားကို TNLA အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



TNLA အကြမ်းဖက်သောင်းကျန်းသူများက ဂုတ်ထိပ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၂၄

TNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တပ်မတော်၏ စနစ်တကျဖြင့် အဆင့်ဆင့်ခြေကုပ်ယူထိုးစစ်ဆင်မှုများကို ဆက်လက်ခုခံနိုင်ခြင်းမရှိဘဲ ကစဥ့်ကလျားဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် စစ်ရေးနှင့်မသက်ဆိုင်သည့် မြန်မာနိုင်ငံ၏ အထင်ကရအမှတ်အသားတစ်ခုဖြစ်သည့် ဂုတ်ထိပ်တံတားကို အသိတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်။

ဂုတ်ထိပ်တံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ဆက်သွယ်ထားသည့် မန္တလေး-လားရှိုး ရထားလမ်းပေါ်တွင် တည်ရှိသည်။ ဂုတ်ထိပ်တံတားကို ၁၈၉၉ ခုနှစ်၌ တည်ဆောက်ပြီး ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ကာ ၁၉၀၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့သည်။ ဂုတ်ထိပ်တံတားသည် တံတားအရှည်ပေ ၂၂၆၀၊ ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၁၁၀၀ တွင် ရှိပြီး သက်တမ်းအနေဖြင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့ သယ်ဆောင်သည့် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၆ ဒသမ ၃၆ ကီလိုဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဩဂုတ် ၇ ရက် ည ၈ နာရီခွဲတွင် တောင်ကြီးမြို့ အေးသာယာကားကြီးဝင်းတွင် မူဆယ်မြို့နေ သိန်းထွန်းဦး(ခ) ဘိုဘိုမှ မန္တလေးသို့ လူမဲ့တန်ဆာဖြင့် တင်ပို့မည့် WATER COOLER ရှစ်လုံးကို ဖွင့်ဖောက်စစ်ဆေးခဲ့ရာ WATER COOLER များအတွင်းမှ ပလတ်စတစ်ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ ၇ ဒသမ ၀၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁၀၅၃ သိန်း)ကို တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ အလားတူ WATER COOLER များအတွင်း ဘိန်းဖြူများထည့်သွင်း၍ ကားဂိတ်များမှတစ်ဆင့် လူမဲ့တန်ဆာဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ တင်ပို့ထားကြောင်းသိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက် နံနက် ၈ နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် မြို့ပတ်လမ်းရှိ ကုန်စည်ဂိတ်၌ မူဆယ်မြို့နေ ဇင်ကိုအောင်(ခ)အောင်သူအား WATER COOLER ၁၃ လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတည်းခိုနေထိုင်သည့် အောင်မြေသာစံမြို့နယ်

စာမျက်နှာ ၂၃ ကော်လံ ၁ ❑

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းလွန် - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဩဂုတ် ၂၆ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။